ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ရက်၊ ကြာသပတေးနေ့၊ (17-7-2003) (၃၉၃၄)

ယနေ့ထုတ်စောင်ရေ ၂၂၄၈၁၈

ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များအဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရေး စီမံဆောင်ရွက်ပေးနေ ခေတ်မီခံ့ညားထည်ဝါသော တက္ကသိုလ်ကြီးများ သီလဝါနှင့် မိတ္ထီလာတို့၌ တည်ဆောက်လျက်ရှိ

ရန်ကုန် ဇူလိုင် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓမ္မာ့ဟာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၆ ကော်လံ ၃ သို့ ✪

ဆွေးနွေးမှာကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

မြို့တော်မိုး ထစ်ချုန်းရွာနိုင်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

အထိတ်တလန့်ဖြစ်အောင် ထုတ်လွှင့်ခဲ့

ကျွန်တော်တို့ ခရီးစဉ်ရက်ပိုင်းအတွင်း ကချင်ပြည်နယ်ခရီးစဉ်နဲ့ပတ်သက်လို့ ကြားရသူအပေါင်း အထိတ်တလန့်ဖြစ်အောင် ထုတ်လွှင့်ခဲ့တဲ့ ပြည်ပအသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေကို ကြားမိလိုက်မှာပေါ့။ "အန်တီစု" ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မြစ်ကြီးနားမြို့ကိုအဝင် ကန့်ကွက်ရှုတ်ချဆန္ဒပြသူတွေအနေနဲ့ ကချင်ဓား အတိုအရှည်တွေကိုင်ပြီး ခုတ်တော့မယောင်၊ ထစ်တော့မယောင်၊ ပိုင်းတော့မယောင်နဲ့ အကြမ်းဖက်တိုက်ခိုက်မှု အရိပ်လက္ခဏာတွေအဖြစ် ပုံဖော်ထားတဲ့သတင်းတွေကို ပြည်ပအသံလွှင့်ဌာနတွေကနေ ထုတ်လွှင့်လာခဲ့ပါတယ်။

မောင်ရင်မှိုင်း၏ဆောင်းပါးကို စာမျက်နှာ ၈-၉ တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ရေလုပ်ငန်းကဏ္ဍ တစ်ခေတ်ဆန်းလာစေရေး တက်ညီလက်ညီ တီထွင်ကြံဆဆောင်ရွက်

ကြေးမုံ The Mirror

၁၇-၇-၂၀၀၃ (ကြာသပတေးနေ့)

မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးစွမ်းအားစုများတွင် ပါဝင်သည့် လယ်ယာ၊ သစ်တောနှင့် သား၊ငါးကဏ္ဍသုံးရပ်သည် အမျိုးသားစီးပွားရေး ဘ၀ ခိုင်မာတိုးတက်ဖြစ်ထွန်းရေးအတွက် အဓိကအားထားရသော ကဏ္ဍများဖြစ်သည်။ အဆိုပါ ကဏ္ဍသုံးရပ်တွင် နိုင်ငံသူ၊ နိုင်ငံသား အများစု၏ လူမှုစီးပွားရေး တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ထုတ်အသုံးချနိုင်မည့် သယံဇာတ အရင်းအမြစ်များဖြင့် ပြည့်စုံလျက်ရှိသည်။

အမျိုးသားစီးပွားရေး ရှင်သန်ဖွံ့ဖြိုးရေးတွင် စီးပွားရေး အခြေခံ အဆောက်အအုံများ တောင့်တင်းခိုင်မာရေးသည် ပင်မလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်းလုံး၌ စီးပွားရေး အခြေခံအဆောက်အအုံများ၊ တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် အားပေးဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးအဆောက်အအုံ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဇူလိုင်လ ၁၂ ရက်နေ့က ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးနံဘေး(ကြို့ကုန်း)ရှိ အဆိုပါ အဆောက်အအုံ တည်ဆောက်မည့် မြေနေရာ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရတနာအုတ်မြစ်တော်စီပေးပြီး အမှာစကား ပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေလုပ်ငန်းကဏ္ဍ တိုးတက်ရေးနှင့် စပ်လျဉ်းပြီး **ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ရေလုပ်ငန်းရှင်များ၊ ပညာရှင်များအားလုံး တက်ညီလက်ညီဖြင့် ဝီရိယစိုက်ထုတ်မှု၊ တီထွင်ကြံဆနည်းလမ်းရှာကြံမှုတို့ဖြင့် မိမိတို့၏အကျိုးနှင့် ပြည်သူများ၏ အကျိုး မျှမျှတတဖြစ်ထွန်းစေရေး ဦးတည်ချက်ဖြင့် မြန်မာ့ရေလုပ်ငန်းကဏ္ဍ ပိုမိုဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ရေလုပ်ငန်းကဏ္ဍသည် အရေးပါသည့်အပြင် လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်ပစ္စည်းများ ကဏ္ဍပြီးလျှင် တတိယနေရာတွင်ရှိသည်။

မြန်မာနိုင်ငံ၏ တည်နေရာအနေအထားသည် ပင်လယ်ပြင်နှင့် ဆက်စပ်တည်ရှိနေသဖြင့် ရေလုပ်ငန်းလုပ်ကိုင်ရန်အတွက် လုပ်ကွက်များစွာရှိသည်။ ကမ်းနီး၊ ကမ်းဝေးနှင့် ကုန်းတွင်းပိုင်းဆိုင်ရာ ရေလုပ်ငန်းကဏ္ဍများတွင် အခွင့်အလမ်း မြောက်မြားစွာဖြစ်ထွန်းနိုင်ပြီး တိုးချဲ့ဆောင်ရွက်နိုင်သည့် အခြေအနေရှိပေသည်။

ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်တို့သည် ငါးလုပ်ငန်း၊ ပုစွန်လုပ်ငန်းများအပါအဝင် ရေထွက်ပစ္စည်း လုပ်ငန်းများ ထုတ်လုပ်နိုင်ရန် ရေ၊ မြေအခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။ ရေလုပ်ငန်းရှင်များ၊ ပညာရှင်များက သဘာဝအလျောက် ဖြစ်တည်နေသည့် အခွင့်အလမ်းများကို မိမိတို့၏ လုံ့လ၊ ဝီရိယ၊ တီထွင်ကြံဆမှုများဖြင့် ပေါင်းစပ်ကြိုးပမ်းကြရန်သာ လိုအပ်သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ၂၀၀၂ ခုနှစ် ဇွန်လ ၁၈ ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သည် အာဆီယံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်း၌ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အာဆီယံနိုင်ငံများအတွင်း ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆက်ဆံဆောင်ရွက်နိုင်ရေး၊ ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးမှုများ၊ အလုပ်ရုံသင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့အတွက် ခေတ်မီ အဆောက်အအုံတစ်ခုရှိရန် လိုအပ်လျက်ရှိသည်။ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းပြီး ယခုကဲ့သို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးတည်ဆောက်ရန် စီမံဆောင်ရွက်ခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရာ သဘာဝအခြေအနေကောင်းများရှိနေသည့် မြန်မာနိုင်ငံတွင် ငါးလုပ်ငန်း၊ ပုစွန်လုပ်ငန်းများအပါအဝင် ရေလုပ်ငန်းကဏ္ဍ တစ်ခေတ်ဆန်း တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ပညာရှင်များ၊ လုပ်ငန်းရှင်များက တက်ညီလက်ညီ ဝီရိယစိုက်ထုတ် တီထွင်ကြံဆကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဲအင်းဂူ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ သမထဝိပဿနာ တရားတော်များကို ဆရာတော်ကြီး၏တပည့်ရင်းဖြစ်သော ဘဒ္ဒန္တသီဟ(ပုသိမ်)အရှင်သူမြတ်က ဇူလိုင်၂၁ရက်မှ ၂၇ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ် ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဇူလိုင်၂၀ရက်(တနင်္ဂနွေနေ့) ညနေ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားနှင့်တကွ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) ကျွန်စစ်သားလမ်း အမှတ်(၂)လမ်းမကြီး တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက် ပဓာနနာယကဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသအား အမှူးထား၍ ဝါကပ်တော်မူကြမည့် စာချစာသင် သံဃာတော် အရှင်သူမြတ် အပါး ၁၂၀တို့အား စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ သင်္ကန်းလှူဖွယ်ဝတ္ထုတို့ကို ကိုယ်တိုင်ကြွရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် ဦးမြင့်ဆွေ(သစ်တောဦးစီး) ဖုန်း-၃၇၂၉၂၃နှင့် ၆၈၁၉၂၅တို့သို့လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထားဝယ်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ထားဝယ်ခရိုင် ပြန်/ဆက်ရုံး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၆

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၁၄ရက် ညနေပိုင်းတွင် ထားဝယ်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စက်များအခြေအနေနှင့် ရုပ်မြင်သံကြားအစီအစဉ်များ လွှင့်ထုတ်ပေးနေမှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းမှာကြား

ထို့နောက် ဝန်ကြီးက စက်ရုံလုံခြုံရေးအတွက် အထူးဂရုပြု ဆောင်ရွက်ရေး၊ စက်ရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိအောင် အမြဲမပြတ် ဆောင်ရွက်ရေး၊ စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရန် စစ်ဆေး၍ စက်ပစ္စည်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန် ဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် တားဆီးထားရေး၊ စက်ရုံပတ်ဝန်းကျင် နှစ်ရှည်ပင်များ စိုက်ပျိုးရေးနှင့် ဝန်ထမ်း သက်သာချောင်ချိရေး ကိစ္စရပ်များကိုရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညပိုင်းတွင် ထားဝယ်မြို့ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်ပြီး ရုပ်မြင်သံကြား ပြသနေမှုနှင့် လာရောက်ကြည့်ရှုသူများ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ခေတ်မီပညာ့အလင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထားဝယ်ခရိုင် ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ထားဝယ်၊ လောင်းလုံး၊ ရေဖြူ၊ သရက်ချောင်းမြို့နယ် ဒုတိယဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်နှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့မှ ဝန်ထမ်းများအား တွေ့ဆုံပြီး ပြည်သူများအား အသိပညာ ဗဟုသုတများရရှိအောင်၊ အမျိုးသားရေးစိတ်ဓာတ်များ ပြည့်ဝလာအောင် ပြန်ကြားရေးလုပ်ငန်းများဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ နေ့စဉ် ရုပ်မြင်သံကြား လာရောက်ကြည့်ရှုသူ၊ စာဖတ်သူများ တိုးပွားလာအောင် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် စာအုပ်စာစောင်များ ဖြည့်တင်းနိုင်ရန် စီစဉ်ဆောင်ရွက်ရေး၊ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်လာအောင် အားပေးကူညီရေး၊ လုပ်ငန်းများကို အပင်ပန်းခံ၍ စေတနာထား ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထားဝယ်မြို့ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန်နှိုးဆော်

ရန်ကုန် ဇူလိုင် ၁၆

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၃ ခုနှစ်အတွက် (၁၄)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ခေါင်းစဉ်

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀ x၁၂ လက်မထက်မငယ်သော အရွယ်အစားဖြင့် Print ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပူးတွဲပေးပို့

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ(Caption) အပြည့်အစုံပါရှိရမည်ဖြစ်သည်။ ဓာတ်ပုံများကို ပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရာတွင် Digital Cameraဖြင့် ရိုက်ကူးထားသောပုံများကို လက်ခံမည်မဟုတ်ပါ။

ပေးပို့

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၃ ခုနှစ် အောက်တိုဘာ၁၅ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲတွင်ဆုရရှိသူများ၏အမည်ကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ထူးထူးကဲကဲ နှစ်သတင်းမြင်ကွင်း

ထိမှန်ပျက်စီး

ဇူလိုင် ၁၄ရက်နံနက်အရုဏ်တက်ချိန်က အမေရိကန်ယာဉ်တန်းများ ဘဂ္ဂဒက်မြို့တော် အနောက်ဘက် အယ်ခါဒရာအရပ်တွင် တိုက်ခိုက်ခံရပြီးနောက် ထိမှန်ပျက်စီးခဲ့ရသည့် စစ်ယာဉ်တစ်စီးကို အမေရိကန် တပ်သားများ စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ အမေရိကန်စစ်သားများအား တိုက်ခိုက်မှု အယ်လ်ခိုင်ဒါ မဟာမိတ်များက ၎င်းတို့လက်ချက်ဟုဆို

ဒူဘိုင်း ဇူလိုင် ၁၅

အီရတ်ရောက် အမေရိကန်စစ်သားများအား တိုက်ခိုက်နေမှု၏နောက်တွင် ဆက်ဒမ်ဟူစိန်အား သစ္စာခံသူများ မဟုတ်ဘဲ ၎င်းတို့ ဖြစ်ကြောင်း အယ်လ်ခိုင်ဒါကွန်ရက်နှင့် အဆက်အသွယ်ရှိသည်ဆိုသည့် အုပ်စုတစ်စုက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားလိုက်ပြီး အမေရိကန် ဆန့်ကျင်ရေး တိုက်ခိုက်မှုများ လာမည့်ရက်များတွင် ပိုမိုအရှိန်မြင့်မည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

အမေရိကန်တပ်များကို အပြီးတိုင် ချေမှုန်းမည့် အမေရိကန်ဆန့်ကျင်ရေး တိုက်ခိုက်မှုများ လာမည့်ရက်များတွင် ဆင်နွှဲမည်ဖြစ်ကြောင်း ဒူဘိုင်းအခြေစိုက် အယ်အာရေဗျရုပ်မြင်သံကြားက ထုတ်လွှင့်သည့် အသံသွင်းတိပ်ခွေမှ သတိပေးလိုက်သည်။

အမေရိကန်စစ်သား ၁၄၈၀၀၀ ရှိသည့် အီရတ် သို့မဟုတ် အခြားနေရာမှ အမေရိကန်တပ်များအားအနာဂတ်တွင် တိုက်ခိုက်မည့်အရေးကိုငင်းကရည်ညွှန်း ပြောဆိုခြင်း ဟုတ်၊ မဟုတ် မထင်ရှားပေ။

အယ်အာရေဗျရုပ်မြင်သံကြားဌာနက မှတ်ဆိတ်ဖြူခေါင်းပေါင်းနှင့် အမည်မသိသူတစ်ဦး၏ပုံကိုပါ သတင်း ထုတ်လွှင့်လိုက်သည်။

အမေရိကန်တပ်များကမူ မေလ ၁ရက်နေ့နောက်ပိုင်းအမေရိကန်စစ်သား ၃၁ဦး သေဆုံးရသည့် တိုက်ခိုက်မှု အများစုမှာ ဆက်ဒမ်ဟူစိန်အား သစ္စာခံသူများက တိုက်ခိုက်ကြခြင်း ဖြစ်သည်ဟု ယုံးစွပ်သည်။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့၏ ဌာနချုပ်အဆောက်အအုံရှေ့တွင် ပေါက်ကွဲမှု ဖြစ်ပွား ဘဂ္ဂဒက်မြို့လယ်ရှိ လုံခြုံရေးတင်းကျပ်သောနေရာကိုပင် ပစ်မှတ်ထား တိုက်ခိုက်လာ

ဘဂ္ဂဒက် ဇူလိုင် ၁၆

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် မြို့လယ်ဒေသရှိ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့၏ ဌာနချုပ်အဆောက်အအုံရှေ့တွင် လက်ပစ်ဗုံးများပေါက်ကွဲမှုဟု ယူဆရသော ပေါက်ကွဲမှုတစ်ရပ် တနင်္လာနေ့က ဖြစ်ပွားခဲ့သည်။

အီရတ်နိုင်ငံတွင် အုပ်ချုပ်ရေးကောင်စီသစ်တစ်ရပ်ကို တနင်္ဂနွေနေ့က ဖွဲ့စည်းလိုက်ပြီးနောက် တနင်္လာနေ့တွင် အဆိုပါကောင်စီ၏ ပထမဆုံးသော အစည်းအဝေး ကျင်းပလျက်ရှိစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပေါက်ကွဲမှုအတွင်း တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း အမေရိကန်စစ်သည်များက ပြောကြားကြသည်။ ယခု ပေါ်ပေါက်သောဖြစ်ရပ်က အီရတ်နိုင်ငံအတွင်း လှုပ်ရှားနေသော ပြောက်ကျားအုပ်စုများသည် ၎င်းတို့ကြိုက်နှစ်သက်ရာ မည်သည့်နေရာကိုမဆို တိုက်ခိုက်နိုင်သည်ဆိုသည့်အဓိပ္ပာယ်ကို ဖော်ညွှန်းလျက်ရှိသည်။

ထိုစဉ်အတွင်း မြို့တော် ဘဂ္ဂဒက်ရှိ အယ်လ်-မန်ဆောရပ်ကွက်တွင် အမေရိကန်တပ်ဖွဲ့မှ မော်တော်ယာဉ်တန်းတစ်တန်းကို တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အမေရိကန်စစ်သည် တစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

အီရတ်နိုင်ငံတွင် အသစ်ဖွဲ့စည်းလိုက်သော အုပ်ချုပ်ရေးကောင်စီ၏ အဖွဲ့ဝင် ၂၅ဦးသည် ပထမဆုံးသော အစည်းအဝေးတစ်ရပ်ကို ကျင်းပလျက်ရှိစဉ် အဆိုပါတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့သည်။

ပစ်မှတ်ထားတိုက်ခိုက်

အီရတ်နိုင်ငံတွင် ပြောက်ကျားတိုက်ခိုက်ရေးသမားများက ဘဂ္ဂဒက်မြို့လယ်ရှိ လုံခြုံရေးတင်းကျပ်သောနေရာများအထိ ပစ်မှတ်ထားတိုက်ခိုက်လာကြောင်း အယ်လ်ဂျာဇီယာရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

အင်တာနက်။

ဆားစ်ရောဂါ တိုက်ဖျက်ရေး ဂုဏ်ပြု ဂီတဆည်းဆာ ပျော်ပွဲရှင်ပွဲ ကူမင်း၌ ကျင်းပ

ကူမင်း ဇူလိုင် ၁၅

တရုတ်ပြည်မကြီး၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့က ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ (ဆားစ်) တိုက်ဖျက်ရာတွင် ထူးကဲပြောင်မြောက်သော ဆောင်ရွက်ချက်များကို ချီးကျူးဂုဏ်ပြုသည့် ဂီတဆည်းဆာ အထူးပျော်ပွဲရှင်ပွဲ အခမ်းအနားတစ်ရပ်ကို တရုတ်ပြည် အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၏ မြို့တော်ကူမင်း၌ သောကြာနေ့တွင် စတင်ကျင်းပမည်ဖြစ်သည်။

ဂီတဆည်းဆာ

တရုတ်ပြည်၌ ယခုနှစ်စောစောပိုင်းကာလတွင် ဆားစ်ရောဂါ တိုက်ဖျက်ပြီးသည့်နောက် ဖော်ပြပါအတိုင်း ကျင်းပမည့် ဂီတဆည်းဆာ ပျော်ပွဲရှင်ပွဲ အခမ်းအနားသည် အကြီးဆုံးသော ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အခမ်းအနားဖြစ်မည် ဖြစ်သည်။

တွေ့ဆုံမေးမြန်း

ယင်း ဂီတဆည်းဆာတွင် တရုတ်ပြည်မကြီး၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့မှ ခေတ်ပေါ်အဆိုတော်များ၏ တေးသီချင်းများနှင့် အကများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌဟောင်း အန်တိုနီယိုဆာမာရန့်၊ ဟောင်ကောင် အမှုဆောင်အရာရှိချုပ် တုန်ချီဟွာနှင့် မကာအို အမှုဆောင်အရာရှိချုပ် အက်ဒမန်ဟိုဟော်ဝါကဲ့သို့သော နာမည်ကြီးပုဂ္ဂိုလ်များနှင့် ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်း အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

အဆိုပါ ဂီတဆည်းဆာပျော်ရွှင်ပွဲကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ပြီး တရုတ်ပြည် ဆင်းရဲမွဲတေမှုလျော့ပါးရေး ဖောင်ဒေးရှင်း၊ တရုတ်ကြက်ခြေနီနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့က ပူးတွဲကမကထလုပ်၍ ကျင်းပမည် ဖြစ်သည်ဟု ယူနန်ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့ သတင်းရပ်ကွက်အရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆန္ဒပြတောင်းဆို

အီရတ်စစ်ပွဲ ပြီးဆုံးခဲ့သည်မှာ နှစ်လခွဲ ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း စက်သုံးဆီနှင့် ဓာတ်ငွေ့ မလုံမလောက် ဖြစ်နေသည့်အတွက် ဇူလိုင် ၁၄ ရက်တွင် မြို့တော်ဘဂ္ဂဒက်၌ မကျေမနပ် ဆန္ဒပြတောင်းဆိုနေကြသည့် အီရတ်ပြည်သူများအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရားမဝင်မူးယစ်ဆေးဝါးကီလို ၁၈၀၀ အီရန်နိုင်ငံတစ်ဝန်းလုံး၌ ဖမ်းဆီးရမိ

တီဟီရန် ဇူလိုင် ၁၅

အီရန်နိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည်မကြာသေးမီရက်များ အတွင်းက တရားမဝင် မူးယစ်ဆေးဝါး ကီလို ၁၈၀၀ ကို ဖမ်းဆီးမိကြောင်း တရားဝင် အိုင်အာအင်အေ သတင်းဌာနက တနင်္လာနေ့တွင်ဖော်ပြသည်။

မူးယစ် ဆေးဝါး တိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် အီရန်နိုင်ငံ ပြည်နယ်အချို့တွင် စီးနင်းဝင်ရောက် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး မူးယစ်ဆေးဝါး မှောင်ခိုသမား ၅၀ကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်ကို ကိုးကား၍ အိုင်အာအင်အေက ဖော်ပြသည်။

မူးယစ်ဆေးဝါး ထုတ်လုပ်သည့်အာဖဂန်နစ္စတန်နှင့် အာရှအလယ်ပိုင်း ပါကစ္စတန်ကဲ့နိုင်ငံများ၊ အနောက်ဥရောပနှင့် အခြားဒေသများမှ ဈေးကွက်များ အကြားလမ်းဆုံလမ်းခွပေါ်တွင် တည်ရှိသည့်အီရန်နိုင်ငံသည် မူးယစ်ဆေးဝါး မှောင်ခို သမားများ အကြိုက် တွေ့သည့် မှောင်ခို လမ်းကြောင်း ဖြစ်နေသည်။

အီရန်နိုင်ငံ၏မူးယစ်ဆေးဝါး ဆန့်ကျင်ရေး လှုံ့ဆော်မှုသည်တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ သန်း ၈၀၀ ရှိသည်ဟု တရားဝင်ထုတ်ပြန်သည့် ခန့်မှန်းချက် များအရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

စစ်ပြီးကာလ အီရတ်၌ ၃၂ ဦးမြောက် အမေရိကန်စစ်သားသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၅

အီရတ်ခေါင်းဆောင်များ၏ အုပ်ချုပ်ရေးကောင်စီက လုပ်ငန်းများ စတင်ဆောင်ရွက်စဉ် အမေရိကန်တို့အနေဖြင့် စစ်ပြီးခေတ် အီရတ်၌ ၃၂ဦးမြောက် အမေရိကန်စစ်သားတစ်ဦး တနင်္လာနေ့တွင် သေဆုံးခြင်းက အီရတ်ခုခံရေးသမားများအား ချေမှုန်းရေးနှင့် အမေရိကန်တပ်များ ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲများကို မီးမောင်းထိုးပြလိုက်သည်။

အမေရိကန်စစ်သားများမှာ ပြုတ်ကျသွားသော သမ္မတဆက်ဒမ်ဟူစိန်၊ သူ၏ဘာ့သ်ပါတီနှင့် အီရတ်အမျိုးသားရေး စိတ်ဓာတ် စသည်တို့နှင့် ဆက်နွှယ်သည့် နှစ်ပတ်လည်နေ့များ ယခုရက်သတ္တပတ်အတွင်း ကျရောက်သည့်အတွက် တိုက်ခိုက်မှုများ တိုးတက်များပြားလာမှုကို ရင်ဆိုင်ကြရသည်။

အမ်အင်အေ၊ဆင်ဟွာ။

စစ်ရေးအရ ခွက်ဖက်မှုကို တရားဝင်ဖြစ်စေရန် တိုနီဘလဲ ကြိုးပမ်း ထိပ်သီးဆွေးနွေးပွဲတွင် ကမ္ဘာ့ခေါင်းဆောင်များက ထောက်ခံမှုမပြု

ဆာရေး(အင်္ဂလန်) ဇူလိုင် ၁၅

အီရတ်ကဲ့သို့သော ဖိနှိပ်ချုပ်ချယ်သည့် အစိုးရအဖွဲ့များအား ဖြုတ်ချနိုင်ရေးတွင် စစ်ရေးအရ အရေးယူရန် ဖော်ပြသည့် ပူးတွဲကြေညာချက်တစ်ရပ်ကို ကမ္ဘာ့ခေါင်းဆောင်များက အတည်ပြုပေးရန် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက လိုလားသော်လည်း ကမ္ဘာ့ခေါင်းဆောင်များက ထောက်ခံမှု မရှိကြပေ။

သဘောတူညီချက်မရ

ပြည်သူလူထုအနေဖြင့် ဖိနှိပ်ချုပ်ချယ်မှုမခံရအောင် ကာကွယ်စောင့်ရှောက်ပေးရန် ပျက်ကွက်သော အစိုးရအဖွဲ့များအား ဖြုတ်ချနိုင်ရေးအတွက် ကြားဝင်စွက်ဖက်မှုကို တရားဥပဒေအရ ပိတ်ပင်ထားမှုကိုပယ်ဖျက်ရန် အဆိုပြုချက်ပါရှိသည့် ပူးတွဲကြေညာချက်တစ်ရပ်မှာ ကမ္ဘာ့ခေါင်းဆောင် ၁၄ ဦး တက်ရောက်သော ထိပ်သီးဆွေးနွေးပွဲတွင် သဘောတူညီချက်မရရှိပေ။

ပြည်တွင်းစစ်ဖြစ်ပွားခြင်း၊ သူပုန်ထခြင်း၊ အစိုးရက ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်ခြင်းတို့ ဖြစ်ပေါ်နေသော နိုင်ငံများတွင် အစိုးရအဖွဲ့များက ယင်းအခြေအနေများ၏ ဆိုးကျိုးသက်ရောက်မှုမှ နေ၍ ပြည်သူလူထုကို ကာကွယ်မပေးနိုင်ပါက နိုင်ငံတကာက ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်ဟု ပူးတွဲကြေညာချက်မူကြမ်းတွင် ဖော်ပြထားကြောင်း လန်ဒန်အင်ဒီပင်းဒင့် သတင်းစာက တနင်္လာနေ့က ရေးသားဖော်ပြခဲ့သည်။

အင်္ဂလန် ဆာရေးမြို့တွင် ကျင်းပသော ထိပ်သီးဆွေးနွေးပွဲတွင် တက်ရောက်လာသော ကမ္ဘာ့ခေါင်းဆောင်များက ပူးတွဲကြေညာချက်တွင် အထက်ဖော်ပြပါ စာသားအား ထည့်သွင်းခြင်း မပြုရန် ကန့်ကွက်ခဲ့ရာ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲမှာ ခဲလေသမျှ သဲရေကျဖြစ်ခဲ့ရသည်။

ကမ္ဘာ့ခေါင်းဆောင်များသည် ယင်းစာပိုဒ်ကို အတည်ပြုပေးခြင်းဖြင့် အီရတ်အား အမေရိကန် ဦးဆောင်သော တပ်ဖွဲ့က တိုက်ခိုက်မှုကို ထောက်ခံရာရောက်ရှိမည်ကို လမ်းလွှဲလိုကြသည်။

ဆုံးဖြတ်ပေးသင့်

အစိုးရအဖွဲ့များ၏ ဖိနှိပ်ချုပ်ချယ်မှု၊ ပြည်တွင်းစစ်ဖြစ်ပွားခြင်း၊ သူပုန်ထခြင်းတို့ ပေါ်ပေါက်ရာ နိုင်ငံရှိ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပေးရန် ခွင့်ပြုပေးသင့်၊ မသင့်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီကသာလျှင် ဆုံးဖြတ်ပေးသင့်ကြောင်း ကမ္ဘာ့ခေါင်းဆောင်များက ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံသားများအား အစစ်အဆေးမေးမြန်းခြင်းမရှိဘဲ ဖမ်းဆီးနေမှုကို မကျေနပ်သည့် အီရတ်ပြည်သူလူထုက ဇူလိုင် ၁၄ ရက်တွင် ဘဂ္ဂဒက်ရှိ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ရုံးစိုက်ရာ သမ္မတနန်းတော်ဟောင်းဆီသို့ ချီတက်ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တားမြစ်လက်နက်ရှိသည်ဟု အမေရိကန် စွပ်စွဲချက် မုသားသာဖြစ်သည်ဟု လက်နက်စစ်ဆေးရေးမှူးချုပ်ဟောင်း ဝေဖန်

ဝါရှင်တန် ဇူလိုင် ၁၆

အမေရိကန်ပြည်ထောင်စုသည် အီရတ်စစ်ပွဲ မဆင်နွှဲမီက အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်၏ လက်ဝယ်တွင် လူအစုအပြုံလိုက် သေစေနိုင်သော လက်နက်များရှိသည်ဟု စွပ်စွဲခဲ့သည်။ ထိုစွပ်စွဲချက်မှာ အလိမ်အညာ မုသားသာ ဖြစ်သည်ဟု ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း စကော့ရစ်တာက ထုတ်ဖော်ပြောကြားသည်။

သတင်းဖြန့်ပေး

၎င်းက အမေရိကန်သမ္မတ ဘုရှ် အစိုးရသည် အီရတ်အပေါ် စွပ်စွဲထားသော စွပ်စွဲချက်အားလုံးသည် မုသားသာ ဖြစ်သည်။ မီဒီယာများကလည်း အစုအပြုံလိုက် သေစေသော လက်နက်များရှိသည်ဟူသော သတင်းကို အလွန်လွယ်ကူစွာ လက်ခံပြီး သတင်းဖြန့်ပေးခဲ့ကြသည်ဟု ဝေဖန်စကား ဆိုလိုက်သည်။

တောင်းဆို

အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲသည် မည်သည့်အချက်ပေါ်တွင် အခြေခံ၍ လူအစုအပြုံလိုက် သေစေသော လက်နက်များကိစ္စကို အတည်ပြုခဲ့ပါသနည်း။ ထိုကိစ္စကို မည်သူကမျှ အတည်ပြုချက်ရယူရန် မှန်၊ မမှန် စိစစ်ရန် အားမထုတ်ခဲ့။ သတင်းဌာနများက ထိုသတင်းကို သည်အတိုင်း ပုံနှိပ်ဖော်ပြခဲ့ကြသည်။ ထိုသတင်းကိစ္စနှင့် ပတ်သက်၍ သက်သေပြရန် ကျွန်ုပ်တို့ တောင်းဆို သည်ဟု ရစ်တာက ပြောကြားခဲ့သည်။

အီရတ်တို့သည် အာဖရိကမှ အဏုမြူဓာတ်ကြွ ယူရေနီယံသတ္တုများ ဝယ်ယူသည်ဟု စွပ်စွဲခဲ့သေးသည်။ ထိုစွပ်စွဲချက်မှာလည်း မဟုတ်မှန်ကြောင်း ပေါ်ပေါက်ခဲ့သည်။ အစုအပြုံလိုက် သေစေသော လက်နက်များကိစ္စသည် ယူရေနီယံ ဝယ်သည်ဆိုသော သတင်းကဲ့သို့ပင် ထင်းထင်းကြီး ပေါ်လာဦးမည်လော။ ကျွန်ုပ် မပြောတတ်ပါဟု ယူရေနီယံ ဝယ်ယူသည့်ကိစ္စကို ရည်ညွှန်း၍ ရစ်တာက မေးခွန်းထုတ်လိုက်သည်။

တာဝန်ရှိ

အမေရိကန်သမ္မတ ဘုရှ်သည် ဇန်နဝါရီ ၂၈ ရက်နေ့က နိုင်ငံသို့ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ထိုမိန့်ခွန်းတွင် အီရတ်က ယူရေနီယံကို အာဖရိကမှ ဝယ်ယူသည်ဟု ထည့်သွင်းပြောကြားခဲ့သည်။ ထိုကိစ္စ မိန့်ခွန်းတွင် ပါသွားခြင်းမှာ မိမိတွင် တာဝန်ရှိပါသည်ဟု အမေရိကန် ထောက်လှမ်းရေးဌာန စီအိုင်အေညွှန်ကြားရေးမှူး ဂျော့တင်းနစ်က တာဝန်ယူခဲ့သည်။

၎င်းက ထိုသတင်းမှာ အမေရိကန် ထောက်လှမ်းရေးဌာနက မှန်ကန်ကြောင်း အတည်ပြုထားခြင်းမရှိသော ကိစ္စဖြစ်၍ သမ္မတ၏မိန့်ခွန်းတွင် မထည့်သွင်းသင့်ပါဟု သောကြာနေ့က ပြောကြားခဲ့သည်။ ***အင်တာနက်။***

ရွှေ့ပြောင်း

တရုတ်ပြည် အင်ဟွေပြည်နယ်ရှိ ရေကြီးနေသည့် ဟွိုင်ဟီမြစ်ရိုး တစ်လျှောက် ရေလွှမ်းမိုးခံရသည့် နေအိမ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေသည့် တရုတ်ဒေသခံများအား ဇူလိုင် ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

အက်ဖ်တာသို့ ဗီယက်နမ် ဝင်ရောက်သည့်အတွက် စီးပွားရေးလုပ်ငန်းများ ပိုမိုယှဉ်ပြိုင်လာရဖွယ်ရှိ

ဟနွိုင် ဇူလိုင် ၁၅

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ လွတ်လပ်သော ကုန်သွယ်ရေးဒေသ(အက်ဖ်တာ)တွင် ပါဝင်နေသည့်အတွက် အကြိတ်အနယ် ပိုမိုယှဉ်ပြိုင်လာနိုင်သည့် အနေအထားတွင် စီးပွားရေးလုပ်ငန်းများ ဆက်လက်ရှင်သန်လာရေး နည်းလမ်းများကို ရှာကြံလျက်ရှိကြောင်း ဗီယက်နမ် စက်မှုလုပ်ငန်းဝန်ကြီးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းနည်းလမ်းများထဲတွင် ယှဉ်ပြိုင်နေရသည့် စီးပွားရေးကဏ္ဍများ ပြန်လည်ကိုက်ညှိရေး၊ ကုန်ကျစရိတ်လျှော့ချရေး၊ ကုန်သွယ်ရေးလိုငွေပြမှု လျှော့ချနေသည့် တစ်ချိန်တည်းမှာပင် ပို့ကုန်တိုးမြှင့်ရေး အစီအစဉ်အတိုင်း စီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့် အုပ်ချုပ်ရေးယန္တရားများ ခိုင်မာတောင့်တင်းရေးတို့ ပါဝင်သည်။

ဗီယက်နမ်နိုင်ငံ၏ စက်မှုလုပ်ငန်းထုတ်လုပ်မှုသည် ယခုနှစ် ပထမနှစ်ဝက်တွင် အတန်အသင့်ခိုင်မာတိုးတက်ခဲ့ရာ နှစ်အလိုက် ၁၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယခုနှစ် ဒုတိယနှစ်ဝက်တွင်လည်း ၁၅ ရာခိုင်နှုန်းထက် လျော့နည်းမည်မဟုတ်ဟု စက်မှုဝန်ကြီးဌာနက မျှော်လင့်ထားသည်။

သို့ရာတွင် ဗီယက်နမ်နိုင်ငံက အက်ဖ်တာသို့ ဝင်ရောက်ရန် စီစဉ်ထားရာ ဇူလိုင် ၁ ရက်မှစတင်ကာ အာဆီယံနိုင်ငံများမှ စက်မှုကုန်ပစ္စည်းအမျိုးအမည် ၆၀၀ ကျော်၏ သွင်းကုန်ခွန်များ လျှော့ချမည်ဖြစ်သည့်အတွက် ဗီယက်နမ် ပြည်တွင်းကုမ္ပဏီများအနေဖြင့် ပိုမိုယှဉ်ပြိုင်လာရမည်ဖြစ်သည်။

သို့ဖြစ်ရာ အီလက်ထရွန်းနစ်၊ မော်တော်ဆိုင်ကယ်များ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးပစ္စည်းများ၏ ဈေးနှုန်းများသည် လာမည့်ရက်အနည်းငယ်အတွင်း ကျဆင်းမည့်လက္ခဏာများ မြင်တွေ့နေရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ချူကလီးယားဗုံး ထုတ်လုပ်ရေးအစီအစဉ် မဖြစ်နိုင်ဟုဆို

ဗီယင်နာ ဇူလိုင် ၁၅

ဘဂ္ဂဒက်မြို့ နေအိမ်တစ်အိမ်၏ နောက်ဖေးမှ မကြာမီက တူးဖော်ရရှိသည့် ပစ္စည်းကိရိယာဖြင့် အီရတ်တို့သည် အမေရိကန်အစိုးရ ပြောသကဲ့သို့ ချူကလီးယားဗုံးအစီအစဉ် ပြန်လည်ဖော်ထုတ်ရန် ဖြစ်နိုင်တော့မည်မဟုတ်ကြောင်းဖြင့် ကုလသမဂ္ဂ ထိပ်တန်း လက်နက်စစ်ဆေးရေးမှူး ချက်ကော့တ်က ပြောကြားလိုက်သည်။

အီရတ်၏ ချူကလီးယားစက်ရုံကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစီအစဉ်ဖြင့် နှစ်ရှည်စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် ဗုံးလုပ်ရန်အတွက် ယူရေနီယံသတ္တု သန့်စင်ရေးစက်ရုံ တည်ဆောက်ရေး ကြိုးပမ်းမှုကို ဟန့်တား နှိမ်နင်းခဲ့ကြောင်းဖြင့်လည်း ၎င်းက ပြောဆိုသည်။

အင်တာနက်။

ကိုလံဘီယာနိုင်ငံတွင် ဆေးခြောက်လေးတန် ဖမ်းမိ

ဘိုဂိုတာ ဇူလိုင် ၁၅

ဗင်နီဇွဲလားနိုင်ငံနှင့် နယ်စပ်အနီးတွင်ရှိသည့် နိုင်ငံအရှေ့မြောက်ပိုင်းတွင် ဆေးခြောက်လေးတန်ကို ဖမ်းဆီးရမိကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

အဆိုပါ ဆေးခြောက်များကို ကိုလံဘီယာနိုင်ငံမြောက်ပိုင်း နော်တီဒီဆန်တန်ဒါပြည်နယ် တောင်တန်းများပေါ်ရှိ သတ္တုတွင်းဟောင်း တစ်တွင်းတွင် ဝှက်ထားခြင်းဖြစ်သည်ဟု ကိုလံဘီယာလျှို့ဝှက်ရဲတပ်ဖွဲ့(ဒီအေအက်စ်)က ပြောကြားသည်။

လက်ယာဂိုဏ်းဝင် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ပိုင်ဆိုင်သည်ဟု ယူဆရသည့် အဆိုပါ ဆေးခြောက်များမှာ အမေရိကန်သို့ တင်ပို့ရန်ဖြစ်ကြောင်း ဒီအေအက်စ်က ပြောကြားသည်။

ယင်းဆေးခြောက်များ သိမ်းဆည်းရမိမှုတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးမိခြင်းမရှိဟု ဆိုသည်။

တောင်အမေရိက ဒေသတွင် မူးယစ်ဆေးဝါးများ ထုတ်လုပ်သည့် ငွေတြိဂံနယ်မြေဟု ထင်ရှားသည့်နေရာတွင် တည်ရှိသော ကိုလံဘီယာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုကင်းနှင့် ဘိန်းဖြူ အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယူရေနီယံကိစ္စ ဗြိတိန်၏ သက်သေအထောက်အထားအားလုံး မှတ်တမ်းမှတ်ရာအတုများအပေါ် အခြေခံထားဟု ကုလသမဂ္ဂ ယုံကြည်

ဇူလိုင်၁၄ ရက်က ဘဂ္ဂဒက်မြို့ လယ်အယ်မန်ဆောဒေသ၌ အမေရိကန်စစ်ယာဉ်များ တိုက်ခိုက်ခံရပြီးနောက် ရှာဖွေရေးပြုလုပ်စဉ် တွေ့ရှိခဲ့ရသော စက်သေနတ်တစ်လက်ကို အမေရိကန်တပ်သားများက စစ်ဆေးစဉ်။ (တိုက်ခိုက်သူများက ဒုံးကန်အားသုံးလက်ပစ်ဗုံးများ၊ စက်သေနတ်များဖြင့် ပစ်ခတ်သဖြင့် အမေရိကန်တပ်သားတစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။) *(ဓာတ်ပုံ-အင်တာနက်)*

ဗီယင်နာ ဇူလိုင် ၁၅

အီရတ်နိုင်ငံက အာဖရိကဒေသမှ ယူရေနီယံတင်သွင်းရန် ကြိုးပမ်းမှုရှိကြောင်း၊ ဗြိတိန်နိုင်ငံ၏ သက်သေအထောက်အထား အားလုံးသည် မှတ်တမ်းမှတ်ရာ အတုများအပေါ် အခြေခံထားသည်ဟု ကုလသမဂ္ဂ နျူကလီးယား စောင့်ကြည့်ရေးအဖွဲ့က ယုံကြည်ထားကြောင်း ယင်းအဖွဲ့နှင့် နီးစပ်သူ သံတမန်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

သိရှိရ

အီရတ်နိုင်ငံတွင် လူအစုအပြုံလိုက် သေစေနိုင်သည့် တားမြစ်လက်နက်များ ပိုင်ဆိုင်ထားပြီး ၎င်းနိုင်ငံ၏ နျူကလီးယား လက်နက်အစီအစဉ်ကို အထောက်အကူ ပြုနိုင်ရန်အတွက် နိုင်ဂျာနိုင်ငံမှ ယူရေနီယံတင်သွင်းရန် ကြိုးပမ်းလျက်ရှိကြောင်း ထောက်လှမ်းရေးသတင်းများအရ သိရှိရကြောင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက လွန်ခဲ့သည့် နှစ်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ ဘုရှ်က ဇန်နဝါရီလအတွင်းက နိုင်ငံတော်သို့ ပြောကြားသည့် မိန့်ခွန်းတွင် ဗြိတိသျှတို့၏ သတင်းအချက်အလက်တွေ့ရှိမှုများကို ထည့်သွင်းပြောကြားခဲ့သည်။ သို့ရာတွင် အိမ်ဖြူတော်က အဆိုပါ ထုတ်ဖော်ပြောကြားချက်များသည် မှတ်တမ်းမှတ်ရာ အတုများအပေါ် အခြေစိုက်ထားပြီး အဆိုပါ မိန့်ခွန်းကို ဘေးဖယ်ထားသင့်ကြောင်း လွန်ခဲ့သည့် ရက်သတ္တပတ်က ပြောကြားသည်။

ဆက်နွယ်မှု

ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက အဆိုပါ အထောက်အထားသည် မှတ်တမ်းမှတ်ရာ အတုများနှင့် ဆက်နွယ်မှုမရှိကြောင်း တနင်္လာနေ့က ပြောကြားသည်။ ၎င်းအထောက်အထား များသည် တတိယနိုင်ငံတစ်ခုမှ ရရှိခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံသားများ တွေ့မြင်သိရှိနိုင်ခြင်း မရှိကြောင်းကိုလည်း ဂျက်စထရောက ပြောကြားသည်။

မိမိတို့ မှီခိုအားထားနေသည့် အဆိုပါ သတင်း အချက်အလက်များသည် ပြည်ပထောက်လှမ်းရေး သတင်းရပ်ကွက်က ရရှိခဲ့ခြင်းဖြစ်ကြောင်း စထရောက ဘီဘီစီရေဒီယိုသို့ ပြောကြားသည်။

ကုလသမဂ္ဂ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က စစ်မှန်သည်ဟုဆိုနေကြသည့် သက်သေအထောက်အထားများသည် မှတ်တမ်းမှတ်ရာအတုများတွင် ဖော်ပြထားသည့် အလားတူ မှတ်တမ်းများကို အဆုံးစွန်အားဖြင့် ရည်ညွှန်းထားခြင်းသာဖြစ်သည်ဟု ထင်မြင်လျက်ရှိကြောင်း အိုင်အေအီးအေနှင့် နီးစပ်သည့် အနောက်တိုင်းသံတမန်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖရိကမှယူရေနီယံ အီရတ်ဝယ်ယူရေးကြိုးပမ်းမှုကိစ္စ ဗြိတိန်နိုင်ငံအား အချက်အလက်ထောက်ပံ့ဆိုမှု ပြင်သစ်ပယ်ချ

ပါရီ ဇူလိုင် ၁၅

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်က အာဖရိကမှ ယူရေနီယံ တင်သွင်းရန်ကြိုးပမ်းကြောင်း ဗြိတိန်နိုင်ငံက အခိုင်အမာ ပြောကြားချက်နောက်ကွယ်တွင် ပြင်သစ်က ဗြိတိန်အား သတင်းအချက်အလက်များ ဖြည့်ဆည်းထောက်ပံ့သည်ဆိုသောသတင်းမှာ မဟုတ်မမှန်ကြောင်းဖြင့် ပြင်သစ်နိုင်ငံက တနင်္လာနေ့တွင် ငြင်းဆိုလိုက်သည်။

ဝိရောဓိဖြစ်

၂၀၀၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက် ရက်စွဲဖြင့် ထုတ်ပြန်ပြီး အီရတ်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်သည့် ဗြိတိသျှ အစီရင်ခံစာတွင်ပါရှိသော ထောက်လှမ်းရေး သတင်းအချက်အလက်များကို ပေးခဲ့သည့် ဇာစ်မြစ်မှာ ပြင်သစ်နိုင်ငံမဟုတ်ဘဲ ဗြိတိသျှသတင်းစာများတွင် စောင်းပါးရိပ်ခြည် ရေးသားဖော်ပြမှုများနှင့် ဝိရောဓိဖြစ်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပံ့ပိုးဖြည့်ဆည်း

ပြည်ပ နှစ်နိုင်ငံအစိုးရအဖွဲ့များက ပြင်သစ်နှင့်အီတလီတို့က ဗြိတိန်နိုင်ငံအား ယခုအခါ လူအများက အယုံအကြည်နည်းလျက်ရှိသည့် ပြည်တွင်းထောက်လှမ်းရေး မှတ်တမ်းမှတ်ရာများဖြင့် ထပ်လောင်းဖြည့်စွက်ထားသော သတင်းအချက်အလက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း ဖိုင်နင်ရှယ်တိုင်းမ်သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြလိုက်သည်။

ဗီယင်နာရှိသံတမန်တစ်ဦးက ဗြိတိန်နိုင်ငံ၏ သက်သေအထောက်အထား မှတ်တမ်းသည် ပြင်သစ်ထောက်လှမ်းရေးဌာနမှရရှိခဲ့သည်ဟု ယုံကြည်ကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လုံခြုံရေးကောင်စီသို့ အီရတ်ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရန် ဆုံးဖြတ်

ဘဂ္ဂဒက် ဇူလိုင် ၁၅

အသစ်ဖွဲ့စည်း ထူထောင်ထားသည့် အီရတ်အုပ်ချုပ်ရေး ကောင်စီသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် တနင်္လာနေ့က ဆုံးဖြတ်လိုက်သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့က အီရတ် အုပ်ချုပ်ရေးကောင်စီသည် အသွင်ကူးပြောင်းရေး ကာလအတွင်း တရားဝင်ဖွဲ့စည်းထားသည့် အီရတ်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ အလေးအနက်ထား တင်ပြမည်ဖြစ်ကြောင်း အီရတ် အုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ စေလွှတ်ရေး အိန္ဒိယတွင် နိုင်ငံရေးအရ ပေါက်ကွဲနိုင်

နယူးဒေလီ ဇူလိုင် ၁၅

အိန္ဒိယနိုင်ငံသည် အီရတ်နိုင်ငံသို့ အခြေအနေများ တည်ငြိမ်အေးချမ်းစေရေးအတွက် ပါဝင်ထိန်းသိမ်းပေးရန် တပ်များစေလွှတ်ရေးကိစ္စကို မဆုံးဖြတ်နိုင်သေးဘဲ ဖြစ်နေခဲ့သည်မှာ အချိန်ကြာခဲ့ပြီဖြစ်သည်။ ထိုကိစ္စ အဆုံးအဖြတ်သည် နိုင်ငံရေးအရ ပေါက်ကွဲသွားနိုင်သော အနေအထားရှိသည်။ ပြီးခဲ့သော တနင်္လာနေ့က အိန္ဒိယနိုင်ငံသည် အီရတ်သို့ စစ်တပ်များ စေလွှတ်မည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယ၏ အထက်ပါ ဆုံးဖြတ်ချက်ကြောင့် အိန္ဒိယ-အမေရိကန် ဆက်ဆံရေးကို ထိခိုက်မည်မဟုတ်ပါဟု နယူးဒေလီရှိ အမေရိကန်သံရုံးက ဆိုသည်။

ဆုံးဖြတ်

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် အတားဘီဟာရီဗာဂျ်ပါယီး၏ ဦးဆောင်သော ကက်ဘိနက်က နှစ်နာရီကျော်ကြာ သေချာစွာ ဆွေးနွေးပြီးနောက် အိန္ဒိယ စစ်တပ်များ စေလွှတ်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂက အီရတ်သို့ တပ်များ စေလွှတ်ရေးကိစ္စကို သဘောတူခွင့်ပြုသောအခါမှသာ အိန္ဒိယတပ်များကို စေလွှတ်သင့်သည်ဟု ကက်ဘိနက် အစည်းအဝေးက ရှုမြင်သည်ဟု နိုင်ငံခြားရေးဝန်ကြီး ဂျက်စ်ဝန်ဆင်းက ပြောကြားသည်။ ***အင်တာနက်။***

အာရှခရီးသွားလုပ်ငန်းပြန်လည်ရှင်သန်ရေး နိုင်ငံတကာညီလာခံ ဟောင်ကောင်တွင်ကျင်းပ

ဟောင်ကောင် ဇူလိုင် ၁၅

ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ(ဆားစ်)ဖြစ်ပွားသည့် ဒေသများစာရင်းမှ ဟောင်ကောင်အား ဖယ်ရှားခဲ့ပြီးနောက် ဟောင်ကောင်တွင် ကျင်းပခဲ့သည့် အကြီးမားဆုံး နိုင်ငံတကာညီလာခံကို တနင်္လာနေ့က စတင်ကျင်းပသည်။

ကမကထပြု

အဆိုပါ ညီလာခံကို အာရှဆိုင်ရာ ဘောင်အိုဖိုရမ်အဖွဲ့နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့အစည်းတို့က ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးတွဲ ကမကထပြုကျင်းပခြင်း ဖြစ်သည်။

အာရှဒေသဘောင်အိုဖိုရမ်အဖွဲ့ အတွင်းရေးမှူးချုပ် ကွန်ယွန်ကူ၊ အာရှခရီးသွားလုပ်ငန်း အဖွဲ့အစည်း အတွင်းရေးမှူးချုပ် ဖရန်စစ္စကို ဖရန်ဂီဟာလီနှင့် ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးချုပ် တုန်ချီဟွာတို့က ညီလာခံကို ဖွင့်လှစ်ပေးလိုက်သည်။

ရည်ရွယ်ချက်

ညီလာခံ၏ ရည်ရွယ်ချက်သည် အာရှခရီးသွားလုပ်ငန်းကို ပြည်သူတို့ယုံကြည်အားထားမှု ပြန်လည်ရရှိရေးနှင့် အာရှနှင့်နိုင်ငံတကာ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ဖြစ်ကြောင်း ကွန်ယွန်ကူက ပြောကြားသည်။

ဆားစ်ရောဂါဖြစ်ပွားပြီးနောက် ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးအတွက် ထိရောက်မည့် နည်းလမ်းများအဖြစ် အကျပ်အတည်း စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၏ အရေးပါမှုကို ဖရန်ဂီဟာလီက အလေးထားပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပြည်အနောက်တောင်ဘက် တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နှစ်စဉ်ပြုလုပ်သည့် ကောက်ရိတ်ရာသီ အကြိုပွဲတော် ဆင်နွှဲနေသည့် တိဗက်အမျိုးသမီးနှင့် ၎င်း၏ ရင်သွေးငယ်တို့အား ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

အိန္ဒိယနိုင်ငံ အာသံပြည်နယ် ရေကြီးမှု ပိုမိုဆိုးရွား

နယူးဒေလီ ဇူလိုင် ၁၅

ဗြဟ္မပုတ္တရမြစ်နှင့် ၎င်း၏မြစ်လက်တက်များတွင် စနေနေ့က မြစ်ရေတက်ခဲ့သဖြင့် အိန္ဒိယနိုင်ငံအရှေ့ပိုင်း အာသံပြည်နယ်၏ မြို့တော် ဂူဝါဟာတီ၏ ဒေသအများအပြားတွင် ရေလွှမ်းမိုးခဲ့ပြီး ခရိုင် ၂၀ တွင် ဆက်လက်ရေကြီးနေသဖြင့် လူပေါင်း ၂ ဒသမ ၃ သန်း ရေဘေးကြုံတွေ့နေရကြောင်း အိန္ဒိယ ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်း

ပြည်နယ်အတွင်းဒေသ အများအပြားတွင် မိုးဆက်လက်သည်းထန်စွာ ရွာသွန်းမှုကြောင့် အခြေအနေမှာ ပိုမိုဆိုးရွားနေကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်ဟု ပီတီအိုင်က ဖော်ပြသည်။ ငါးနှစ်ကြာမျှ ရေကြီးမှုနှင့် မကြုံခဲ့ရပြီးနောက် ဗြဟ္မပုတ္တရမြစ်ရေ မြင့်တက်မှုကြောင့် ဂူဝါဟာတီမြို့ ဒေသအချို့တွင် ရေဖုံးလွှမ်းခဲ့ရသည်။ ဗြဟ္မပုတ္တရမြစ်ရေသည်လည်း စိုးရိမ်ရေမှတ်ထက် ၁ ဒသမ ၂၁ မီတာကျော်၍ စီးဆင်းနေသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ တာမွေမြို့နယ်ရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ဝါတွင်းသုံးလ ဓမ္မာစရိယသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေစဉ်။ (သတင်းစဉ်)

ပြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်



➪ အောင်မြေဗောဓိမှ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ငါးပါးသီလခံယူ

ထို့နောက် ပြည်တွင်း၊ ပြည်ပ သာသနာပြု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တ အရိယဝံသထံမှ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ပြည်တွင်း၊ ပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော်နှင့် ယင်းကျောင်းတိုက် တိုက်အုပ် ဓမ္မာစရိယ သင်တန်းပြဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသတို့ထံ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က သင်တန်းသား ရဟန်း၊သာမဏေ၊ သီလရှင်များအတွက် ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၁၂၀၀နှင့် စာရေးကိရိယာ ခဲတံဒါဇင်၄၀၀တို့ကိုလှူဒါန်းသည်။

အမျှပေးဝေ

ထို့နောက် အလိုတော်ပြည့်ကျောင်းတိုက် တိုက်အုပ် ဓမ္မာစရိယသင်တန်းပြ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တာဘိဝံသက ရေစက်ချ အနုမောဒနာတရားချီးမြှင့်ပြီး အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဝါတွင်းသုံးလ ဓမ္မာစရိယသင်တန်းသို့ ရဟန်းအပါး ၉၀၀၊ သာမဏေအပါး ၁၅၀နှင့် သီလရှင်အပါး ၁၅၀တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

✪ ရွှေဖုံးမှ

နိုင်ငံတော်အတွင်း နိုင်ငံတကာ အဆင့်မီ ရေကြောင်းပညာရပ်များ၊ အာကာသနှင့် လေကြောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် ရေကြောင်းနှင့် လေကြောင်းပညာကဏ္ဍတွင် အရည်အသွေးမြင့် ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို ယမန်နှစ်ကပင် ဖွဲ့စည်းထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယင်းသို့တက္ကသိုလ်နှစ်ရပ် ဖွဲ့စည်းထူထောင်ပေးခဲ့ပြီးနောက် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို ယာယီအစီအစဉ်အနေဖြင့် ရန်ကုန်မြို့ရှိ ရေကြောင်းပညာသိပ္ပံ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့်ဆီလျော်ထိုက်တန်သည့် ခံ့ညားထည်ဝါသော တက္ကသိုလ်ကြီးကို သီလဝါဒေသ၌ တည်ဆောက်လျက်ရှိနေပြီဖြစ်ကြောင်း။

တည်ဆောက်နေပြီ

ထို့အတူပင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်ကို မိတ္ထီလာမြို့၌ အဆောက်အအုံများတွင် ယာယီအားဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပြီဖြစ်ပြီး မိတ္ထီလာမြို့တွင်ပင် ခေတ်မီခံ့ညားထည်ဝါသည့် တက္ကသိုလ်ကြီးကို တည်ဆောက်နေပြီဖြစ်ကြောင်း။

ယင်းတက္ကသိုလ်များကို သက်ဆိုင်ရာ ပညာရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များအဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရေးအတွက် ယင်းတက္ကသိုလ်များတွင် သက်ဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်လည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

သင်ယူနိုင်ရန်လို

ရေကြောင်းပညာဆိုင်ရာ နည်းပညာများ၊ လေကြောင်းနှင့် အာကာသပညာဆိုင်ရာနည်းပညာများ တိုးတက်ဖြစ်ထွန်းရေးတွင် နိုင်ငံတကာ၌ တိုးတက်ဖြစ်ထွန်းနေသည့် နည်းပညာရပ်များ လေ့လာသင်ယူရရှိနိုင်ရန်လည်း လိုအပ်မှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများကို ပြည်ပသို့ ပညာတော်သင်များ စေလွှတ်လျက်ရှိသကဲ့သို့ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အဆင့်မီဖွံ့ဖြိုးရေး

ထို့ကြောင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်များ တိုးတက်ဖြစ်ထွန်းရေး၊ အတတ်ပညာ နည်းပညာများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လက်ရှိစီစဉ် ဆောင်ရွက်နေသည့် အစီအမံများ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများ၊ လိုအပ်ချက်များနှင့် နိုင်ငံတော်အပိုင်းမှ ပံ့ပိုးပေးဖွယ်ရာများကို ယခုအစည်းအဝေးတွင် အကျေအလည် ဆွေးနွေးတင်ပြသွားကြရန် ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို လည်းကောင်း၊ သန်လျင်ရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် တည်ဆောက်မှုလုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ဆရာ၊ ဆရာမများအား ပြည်တွင်း၊ ပြည်ပ သင်တန်းပို့ချပေးမှု အခြေအနေတို့ကို လည်းကောင်း ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ သင်ကြားစီမံ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဒုတိယဝန်ကြီးဦးညီလှငယ်က မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ သင်ကြားစီမံကိစ္စရပ်များနှင့်ပတ်သက်၍ရှင်းလင်းတင်ပြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဖြည့်စွက်အကြံပြု ရှင်းလင်းတင်ပြကြသည်။

သတ်မှတ်ချိန်ပြီးစီးရေး

ထို့နောက် ရွှေမာလာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဦးအောင်ထွေးက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အခြေအနေများကို လည်းကောင်း၊ အေစီအီး ဆောက်လုပ်ရေး ကုမ္ပဏီမှ ဦးတင့်ဆန်းက မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တက္ကသိုလ်များ တည်ဆောက်ပြီးစီးမှုနှင့် သတ်မှတ်ချိန် ပြီးစီးရေးတို့အတွက် ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ကလိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်မှာကြားပြီး ညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား ထိုင်းနိုင်ငံလေ့လာရေးအဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းအား မြန်မာနိုင်ငံသို့ လေ့လာရေးခရီး ရောက်ရှိနေသော ထိုင်းနိုင်ငံ Command and General Staff College မှ Colonel Chusak Meksuwan နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကာကွယ်ရေးဝန်ကြီးဌာန ညှိရိပ်သာခန်းမသို့ လာရောက်တွေ့ဆုံဂါရဝပြုသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အတူ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်ချုပ်အောင်ကြည်၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ လေ့လာရေးအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Colonel Kasam Nakpunလည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား ထိုင်းနိုင်ငံ Command and General Staff College မှ Colonel Chusak Meksuwan **နှင့်အဖွဲ့ တွေ့ဆုံစဉ်။** (သတင်းစဉ်)

What is Tourism
စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း UMTAက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာရေးအတွက် What is Tourism ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၂ရက်တွင် ရန်ကုန်မြို့ Hotel Nikko Royal Lake၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲသို့ ပညာရပ်ဆိုင်ရာ ဆက်စပ်နေသောဌာနများသို့ ဖိတ်ကြားမည်ဖြစ်ပြီး အခြားတက်ရောက်လေ့လာလိုသူများအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဖုန်း- ၅၅၉၆၇၂၊ ၅၅၉၆၇၃ နှင့် ၅၄၅၇၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ထားဝယ်မြို့ အစိုးရနည်းပညာကောလိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပိုမိုတိုးတက်မှုရှိအောင်၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်တံ့ခိုင်မြဲအောင် အလေးထားလုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း။

ကျေပွန်စွာထမ်းဆောင်

အထူးသဖြင့် အခြေခံအကျဆုံး ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသည် စေတနာ့ဝန်ထမ်း ရပ်ကျိုးရွာကျိုးသယ်ပိုးလိုသူများဖြင့် ဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်ရာ ကုသိုလ်ရရှိသည့်မွန်မြတ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် အရေးကြီးကြောင်း။

ပိုမိုအားကောင်းလာ

နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်တို့ကို အခြေခံ၍ ရပ်ကျိုး၊ ရွာကျိုး၊ ပြည်သူအကျိုးကိုညီညီညွတ်ညွတ်ထမ်းဆောင်သည်နှင့်အမျှ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုအားကောင်းလာမှာဖြစ်ကြောင်း။

တို့၏ ပြည်တွင်းအင်အားကိုသာ အခြေခံရမှာဖြစ်၍ အားလုံးညီညီညွတ်ညွတ် ပူးပေါင်းကြိုးပမ်း အလုပ်လုပ်ကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ထားဝယ်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို လက်ထောက် တိုင်းပညာရေးမှူး ဦးထိန်ဝင်းသို့ ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး

❍ **နယ်မြေဒေသမှ**

နယ်မြေဒေသတစ်ခုဖွံ့ဖြိုးတိုးတက်လာရန်မှာ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှုရှိရန် လိုအပ်သကဲ့သို့ တစ်ဌာနနှင့်တစ်ဌာနအကြား ညှိနှိုင်း ပေါင်းစပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းနေရန်လိုကြောင်း၊ ထို့ကြောင့် လိုအပ်သော ညှိနှိုင်းပေါင်းစပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တွန်းအားပေး ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သည်များကို အနီးကပ်ကြပ်မတ်ကွပ်ကဲနိုင်ရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း။

ခေတ်ပြောင်းတော်လှန်ရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဥပဒေ၊ ကြွကြွ တညီတညွတ်တည်း လုပ်ကိုင်နေရသည့်သဘာဝရှိကြောင်း။

ထို့ကြောင့် နယ်မြေဒေသအလိုက်၊ ကဏ္ဍအလိုက် လုပ်ငန်းများကို ဟန်ချက်ညီညီ ညှိနှိုင်းပူးပေါင်းမှုရှိရှိ၊ တက်တက်ကြွကြွအကောင်အထည်ဖော်နိုင်ကြရန်လိုအပ်ကြောင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ခံများနှင့် ဝန်ထမ်းများသည် ယင်းဖြစ်စဉ်အခြေအနေကို နားလည်သဘောပေါက်ပြီး မိမိတို့နယ်မြေဒေသ အဆင့်အလိုက် လုပ်ငန်းများကို စနစ်တကျ နည်းမှန်လမ်းမှန် ဖိဖိစီးစီး သွက်သွက်လက်လက် အကောင်အထည်ဖော်တတ်ကြရန်လိုအပ်ကြောင်း၊ မိမိတို့၏ စိတ်ခံတက် ရေးရာ အားနည်းမှု၊ စည်းကမ်းလိုက်နာရာ၌ အားနည်းမှုစသည့် ပုဂ္ဂိုလ်ရေးရာ အားနည်းမှုများကြောင့် ဒေသဖွံ့ဖြိုးရေး၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ထားဝယ်မြို့ ပညာရေးကောလိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထားဝယ် ပညာရေးကောလိပ်အတွက် မတည်ပံ့ပိုးငွေများကို ခေတ္တကျောင်းအုပ်ကြီး ဒေါ်ထွေးထွေးတင်သို့ ပေးအပ်စဉ်။ (သတင်းစဉ်)

စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ တိုင်းပြည်ကို စနစ်တကျ ညင်သာစွာ အုပ်ချုပ်၍ ခေတ်တစ်ခု၊ စနစ်တစ်ခုကို ပြောင်းလဲ တည်ဆောက်နေရသည့် ခေတ်ပြောင်းတော်လှန်ရေး အစိုးရမျိုးဖြစ်ကြောင်း၊ အတိတ်၏ ခေတ်နောက်ကျမှုသမိုင်းကြွေးကိုလည်း အချိန်လု၍ ပေးဆပ်နေရခြင်းဖြစ်၍ ထမ်းဆောင်ရသော လုပ်ငန်းများမှာလည်း များမြောင်လှကြောင်း၊ လိုအပ်ချက်အရ လုပ်ငန်းအတော်များများကို တစ်ပြိုင်တည်းဆောင်ရွက်ရသဖြင့် တက်တက်စည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်စေနိုင်သည့် အထစ်အငေါ့များမဖြစ်စေသင့်ကြောင်း။

ကန့်သတ်ချက်ဖယ်ရှား

ဈေးကွက် စီးပွားရေးစနစ်အတွက် အဟန့်အတားအဖြစ်နောက်ဆုံးကျန်ရှိသော ဆန်စပါးရောင်းဝယ်မှု ကန့်သတ်ချက်ကို ဖယ်ရှားပြီး ဆန်စပါးကို လွတ်လပ်စွာ ကြိုက်ရောင်းကြိုက်ဝယ် ရောင်းဝယ်ခွင့်ကို ပြောင်းလဲကျင့်သုံးခဲ့ပြီးဖြစ်ရာ တောင်သူလယ်သမားများကလည်း စပါးကိုကြိုးစားပမ်းစားစိုက်ပျိုးလျက်ရှိကြကြောင်း၊ ယင်းသို့သော အခြေအနေ၌ ဆန်စပါးကို အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ဒေသဆိုင်ရာအဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ အကြောင်းအမျိုးမျိုးပြ၍ ကန့်သတ်ဈေးနှုန်းဖြင့် ဝယ်ယူခြင်းမျိုးလုံးဝမပြုမိရန်လိုကြောင်း။

အုပ်ချုပ်ရေး အဖွဲ့များဖြစ်သော ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသော အဖွဲ့များဖြစ်၍ ဆန်စပါး ရောင်းဝယ်ခွင့်အပါအဝင် ပြည်သူများ၏ စီးပွားရေး အခွင့်အလမ်း၊ ပညာရေးအခွင့်အလမ်း၊ ကျန်းမာရေးအခွင့် အလမ်းများကို ရှောရှောရှူရှူဖြစ်အောင် ကာကွယ် စောင့်ရှောက်သွားကြရန် တာဝန်ရှိကြောင်း၊ ပြည်သူများနှင့် နီးကပ်စွာ ဆက်ဆံနေရပါလျက် မိမိနှင့် ပြည်သူအကြား အလှမ်းဝေးနေရသည့် အဖြစ်မျိုးမရောက်မိစေရန် သတိထားရမှာဖြစ်ကြောင်း။

ထားဝယ်ဒေသ၏ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ရော်ဘာတိုးချဲ့စိုက်ပျိုးထုတ်လုပ်မှု၊ သတ္တုသယံဇာတ ရှာဖွေလုပ်ကိုင်နိုင်မှု စသည့် စီးပွားရေးအခြေအနေကောင်းများသည် ရေကြောင်း၊ လေကြောင်းသာမက မြိတ်-ထားဝယ်-မော်လမြိုင်ကားလမ်းရော ထားဝယ်-ရေးရထားလမ်းပါ ဖောက်လုပ်ပြီးစီးနေသည့်လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများနှင့် ပေါင်းစပ်၍ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်များ ဆက်လက် ဖြစ်ပေါ်နေမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

နှုတ်ဆက်စကားပြောကြား

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နှုတ်ဆက်စကားပြောကြားရာ၌ထားဝယ်ဒေသ၊ ထားဝယ်ခရိုင်သည် နိုင်ငံတော်အတွက်ရော၊ တနင်္သာရီတိုင်းအတွက်ပါ အလေးထားရသော တိုးတက်ဖွံ့ဖြိုးနေသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ တက်ကြွသော ပူးပေါင်းဆောင်ရွက်မှု၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးတာဝန်ခံများနှင့် ဝန်ထမ်းများ၏ အားထုတ်ကြိုးပမ်းမှုများအရ ယခုကဲ့သို့ တိုးတက်ဖွံ့ဖြိုးနေခြင်းဖြစ်ကြောင်း။

ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်ပြည်သူအကြား ပေါင်းကူးဆက်စပ်၍ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို သယ်ပိုးနေသည့် နိုင်ငံတော်၏ အောက်ခြေအုပ်ချုပ်ရေး အဖွဲ့အစည်းများဖြစ်ရာ ဒေသ၏ ထူးခြားသော အစဉ်အလာဝိသေသများကို ထည့်သွင်းစဉ်းစားပြီး မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ ပြည်နယ်၊ တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းမှုလည်း နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှာဖြစ်ကြောင်း။

ပူးပေါင်းကြိုးပမ်း

မိမိတို့၏ ကိုယ်ပိုင်အမျိုးသားစီးပွားဘဝကို တိုးတက်မြင့်မားခိုင်မာအောင် တည်ဆောက်နိုင်ရန်မှာလည်း မိမိ

စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဒေါ်ကြေးရီက နည်းပညာကောလိပ်ရှိ ဆရာ၊ ဆရာမအင်အား၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားနေမှုနှင့် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➥

တနင်္သာရီတိုင်း၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ

၁။	အခြေခံပညာကျောင်းပေါင်း	**ယခင်**	**ယခု**
	(အထက၊ အလက၊ အမက၊ မူလတန်းလွန်)	၉၆၄	၁၂၁၄
၂။	ထားဝယ် တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်	-	၂
၃။	ကောလိပ်များ	၁	၅
	ကျန်းမာရေးကဏ္ဍ	**ယခင်**	**ယခု**
၁။	ခုတင်(၂၀၀)ဆံ့ ဆေးရုံ	၁	၂
၂။	ခုတင်(၁၀၀)ဆံ့ ဆေးရုံ	၁	၁
၃။	ခုတင်(၅၀)ဆံ့ ဆေးရုံ	၁	၃
၄။	(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ	၈	၁၃

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (၉)

မောင်ရင်မှိုင်း

“ဒီမိုး၊ ဒီလေ၊ ဒီလူတွေနဲ့”

“အန်တီစု” ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ တနိုင်းမြို့ကိုဝင်တော့ နေ့လယ်ဆယ့်နှစ်နာရီခွဲပြီးနေပြီ။ ခရီးရောက်မဆိုက်ဆိုသလိုပဲ တနိုင်းမြို့ ဂင်ဆားရပ်ကွက်က ဦးကဆုန်ဆင်ဝါးနော်ရဲ့အိမ်မှာ ပါတီဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ခြောက်တိခြောက်ကပ်နဲ့ လုပ်လိုက်ရတယ်။

မွန်းလွဲနှစ်နာရီခွဲလောက်မှာ တနိုင်းက ကိစ္စဝိစ္စတွေအားလုံး ရှင်းပြီးသွားပြီ။ အဲဒါနဲ့ တနိုင်းကနေ နမ္မတီးဘက်ကို ပြန်လှည့်ပေါ့။

ဘဘကြီး ဦးတင်ဦး စီးတဲ့ကားနဲ့ နောက်ကတစ်စီးက နမ္မတီးမှာ မရပ်တော့ဘဲ ဆက်ထွက်သွားကြတယ်။ “အန်တီစု” ကားနဲ့ ကျွန်တော်တို့ နောက်လိုက်နောက်ပါတွေစီးတဲ့ ကားတွေကတော့ နမ္မတီးမြို့က ရပ်ကွက်ပါတီဝင် ဦးချစ်သောင်းရဲ့ အိမ်ရှေ့မှာ ကြုံသလို ထိုးရပ်ပြီး ခဏတစ်ဖြုတ်နားဖို့ စီစဉ်ကြတယ်။ မနက် ခြောက်နာရီ မထိုးခင် မြစ်ကြီးနားကို ဆက်ထွက်မယ်တဲ့။

မေလ ၁၆ရက်။

မနက် ခြောက်နာရီမထိုးခင်မှာပဲ မြစ်ကြီးနားကို ဆက်ထွက်ကြတယ်။ မနက်ရှစ်နာရီလောက်မှာ မြစ်ကြီးနားမြို့အဝင် နန်းကွေ့တံတားကို ရောက်တယ်ဆိုရင်ပဲ ကျွန်တော့်ရဲ့စိတ်ကို တုန်လှုပ်စေလောက်တဲ့ ဒေသခံပြည်သူတွေရဲ့ ကန့်ကွက်ရှုတ်ချမှု အခြေအနေတစ်ရပ်ကို ကြုံရပြီ။ လမ်းဘေးဝဲ/ယာတစ်လျှောက်က ဒေသခံအင်အားကိုကြည့်ပြီး ကျွန်တော်တို့ ယာဉ်တန်းအနေနဲ့ ရှေ့ပိုင်းခရီးစဉ်တွေလိုမျိုး အပြန်အလှန် အော်ဟစ်ရှုတ်ချတာမျိုး၊ ကားပေါ်ကဆင်းပြီး ရင်ဆိုင်တာမျိုးတွေမလုပ်တော့ဘဲ ခပ်ကုပ်ကုပ်နဲ့ပဲ မြို့ထဲဝင်ကြတယ်။

နန်းကွေ့တံတားအနီးက ကန့်ကွက်ရှုတ်ချမှုတွေနဲ့ ပတ်သက်ပြီး “အန်တီစု”က အတူပါလာတဲ့ ဦးလှမင်းကို ရန်ကုန်မှာရှိတဲ့ ဘဘဦးလွင်ထံ ချက်ချင်းဖုန်းဆက်သတင်းပို့ဖို့ တာဝန်တစ်ခုပေးလာပါတယ်။ နန်းကွေ့တံတားဖြစ်စဉ်မှာ လုံ/ထိန်းတပ်ဖွဲ့ဝင်တွေအနေနဲ့ “အင်န်အယ်လ်ဒီ”ယာဉ်တန်းသွားလာမှုအပေါ် ကန့်ကွက်ရှုတ်ချသူတွေကို တစ်စုံတစ်ရာ ထိန်းသိမ်းဟန့်တားခြင်းမရှိဘူး၊ ဘာညာပေါ့လေ။

အဲဒီသတင်းပေးပို့ချက်ကို လက်ခံရရှိတဲ့ ဘဘဦးလွင်ကလည်း သက်ဆိုင်ရာတာဝန်ရှိသူကို ချက်ချင်းဆိုသလို အသိပေးပြီး ဘာလုပ်ပေးပါ၊ ညာလုပ်ပေးပါနဲ့ တောင်းဆိုသတဲ့လေ။ တာဝန်ရှိသူကလည်း လိုအပ်သလို ပြန်ကြားပေးပုံရတယ်။ အဲဒီ ပြန်ကြားရှင်းလင်းချက်ကို ဘဘဦးလွင်က ဘဘကြီးဦးတင်ဦးထံ အကြောင်းပြန်တယ်။ အကြောင်းပြန်ကြားချက်သိရတဲ့ “အန်တီစု” ဒေါသူပုန် ထတော့တာပဲ။

ဒေါသူပုန်ထမယ့်သာ ထနေကြတာ၊ အမှန်က“အန်တီစု” ပြောလိုက်တဲ့ လုံ/ထိန်းဆိုတာ ဘာ လုံ/ထိန်းမှကိုမဟုတ်ဘူး။ ဖိုက်ဘာဦးထုပ်ဆောင်း၊ ပြောက်ကျားအင်္ကျီ၊ ဝါကျင့်ကျင့် ဘောင်းဘီဝတ်ကို မြင်လိုက်ရရုံနဲ့ လုံ/ထိန်းပဲလို့ လေ့နံ့ခံထစ် မှတ်ယူလိုက်တာ။

မြစ်ကြီးနားက “အင်န်အယ်လ်ဒီ” ပါတီဝင်တွေကို မေးမြန်းကြည့်လိုက်တော့ ပါတီဝင်တွေက မြစ်ကြီးနားမှာ လုံ/ထိန်းဆိုတာ မရှိဘူးတဲ့။ လမ်းဘေးမှာ ပြောက်ကျားအင်္ကျီ၊ ကာကီရောင် ဘောင်းဘီ၊ ဖိုက်ဘာဦးထုပ်ဆောင်း၊ ဆိုင်ကယ်တဝီဝီစီးနေသူတွေ၊ ထော်လာဂျီမောင်းနေသူတွေ၊ စက်ဘီးနဲ့သွားလာနေသူတွေ၊ ကုန်းကြောင်းလျှောက်သွားနေကြသူတွေဟာ အလွှာအမျိုးမျိုးက အလုပ်အကိုင်အမျိုးမျိုး လုပ်နေကြသူတွေတဲ့။ အကြမ်းခံ၊ အပေအတေခံပြီး စျေးနှုန်းချိုသာတာကြောင့် ဒီဒေသက အများစုဟာ ဒါမျိုးတွေပဲ ဝတ်လေ့ဝတ်ထရှိသတဲ့။ အင်း. . .မှားတဲ့အခါလည်း မှားပေမပေါ့။

မနက် ရှစ်နာရီခွဲလောက်မှာ ကျွန်တော်တို့ ယာဉ်တန်း တည်းခိုမယ့်အိမ်ရှေ့ ရောက်ပါတယ်။

“အန်တီစု”နဲ့ ကျွန်တော်တို့အဖွဲ့ တည်းနေတဲ့အိမ်နဲ့ ဆိုင်းဘုတ်တင်မယ့်အိမ်က အဝေးကြီးမဟုတ်ဘူး။ တစ်အိမ်ကျော်ပဲ။ မနက်ဆယ့်တစ်နာရီကျော်လောက်က မြစ်ကြီးနားမြို့ လူစည်ကားတဲ့နေရာတွေကို လူလုံးထွက်ပြ၊ လက်သိပ်ထိုး စည်းရုံးရေးဆင်းခဲ့ကြတဲ့ ဘဘကြီးဦးတင်ဦးနဲ့အဖွဲ့ နေ့လယ်တစ်နာရီကျော်ကျော်လောက်မှာ ဒေါ်ငွေကြိုင်အိမ်ကို ပြန်ရောက်လာကြတယ်။ ဘဘကြီးဦးတင်ဦးရဲ့ လူလုံးထွက်ပြစည်းရုံးတဲ့လုပ်ရပ် မဆိုးဘူးလို့ဆိုရမယ်။

ခြောက်တိခြောက်ကပ်ဖြစ်နေတဲ့ ကျွန်တော်တို့တည်းခိုရာ အနီးတစ်ဝိုက်မှာ လူအချို့ စုစု စုစု လာလုပ်နေကြပြီ။ အဲဒီနောက် ညနေလေးနာရီထိုးခါနီးလောက်မှာ ဆိုင်းဘုတ်တင် အခမ်းအနားအတွက် နေရာယူပေးဖို့ ဆောင်းဘောက်စ်ကနေတစ်ဆင့် အော်လာတာကြောင့် “အန်တီစု”ခေါင်းဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ ခြေကျင်ထွက်ခဲ့ကြပါတယ်။ ဒီကနေ့ အခမ်းအနားမှာတော့ ကျွန်တော်တို့ “အန်တီစု” တစ်ယောက် ခါတိုင်းဝတ်နေကျအတိုင်း မဟုတ်တော့ဘူး။ ကချင်တိုင်းရင်းသားဝတ်စုံ ဝတ်လို့။

တစ်အိမ်ကျော်သာဝေးတဲ့ ဒေါ်ငွေကြိုင်အိမ်နဲ့ ဆိုင်းဘုတ်တင် အခမ်းအနားလုပ်မယ့် အိမ်ကိုအသွားလမ်းမှာ “အန်တီစု”ကို လုံခြုံရေးလုပ်ပေးတဲ့ပုံစံလေ။ သိတဲ့အတိုင်းပဲ လူငယ်တွေက တစ်ယောက်နဲ့ တစ်ယောက် လက်ချင်းတွဲပြီး ဘေးဘယ်ညာကနေ ကာပေးတဲ့ပုံစံ။ မသိရင် ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ကစားတဲ့ပုံမျိုး။

အမှန်တကယ် ဖြစ်သင့်တာက တစ်ယောက်နဲ့ တစ်ယောက် လက်ချင်းဆွဲပြီး ကာတဲ့နေရာမှာ လူမြင်ကောင်းအောင် ယောကျာ်းလေးတွေက ယောကျာ်းလေးသတ်သတ်၊ မိန်းကလေးတွေက မိန်းကလေးသတ်သတ် စနစ်တကျလုပ်လိုက်ရင် အပြောအဆိုလွတ်တာပေါ့။ အခုတော့ ကျွန်တော်တို့ ရန်ကုန်ကလာတဲ့ မောင်မင်းကြီးသားတွေက လက်သွက်ခြေသွက်တွေဆိုတော့ သိတယ်မို့လား။ ယောကျာ်းလေးအချင်းချင်း လက်မဆွဲဘဲ ကချင်ပြည်နယ်လူငယ်အဖွဲ့က ကောင်မလေးတွေလက်ကို ရှုးသလို ပေါသလိုနဲ့ အလုပ်သဘောလိုအပ်ချက်အရ ဆွဲရသလိုလို၊ ဘာလိုလိုနဲ့ သွားဆွဲကြတာ။ အဲဒီမှာတင် ပရိသတ်ထဲက ဒေသခံ လူငယ်အချို့ရဲ့ ဝေဖန်သံတွေထွက်လာတယ်။ “ရန်ကုန်ကလာတဲ့ကောင်တွေ တော်တော်လူလည်ကျတယ်”တဲ့။

ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားအပြီး သူမပါရင် ပွဲမပြီးအောင် ဇယားဆွဲထားတဲ့ ဘဘကြီးဦးတင်ဦးက ဘာထလုပ်တယ် မှတ်လဲ။ သူ့ထုံးစံအတိုင်း ဆိုင်းဘုတ်တင်ပြီးတိုင်း သူရွတ်နေကျ “ဇယန္တော ဗောဓိယံမူလေ” အစချီတဲ့ အဋ္ဌရာယ်ကင်းအောင်မြင်ခြင်း ဂါထာကိုရွတ်။ စာရွက်ဖြန့်ပြီး လိုချင်တာတွေ၊ ဖြစ်ချင်တာတွေဆုတောင်းပေါ့။ ဒါတွေက ပွဲတိုင်းမှာသူလုပ်နေကျ။ အခုမြစ်ကြီးနားမှာကျတော့ နောက်ထပ်အဆစ်ပါလာပြီ။ ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ်အလာအပြင် ဘာတွေပါလာတယ် မှတ်လဲ။

“ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏အဖ ထာဝရဘုရားသခင်. . .”

မိမိတို့၏ လုပ်ဆောင်ချက်မှန်သမျှ ကောင်းချီးမင်္ဂလာထပေးတော်မူပါ။ တပည့်တော်တို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ ပြည်သူတစ်ရပ်လုံး၏ ခံစားချက်ဟူသမျှကို ပြန်လည်ပြီး ကောင်းချီးမင်္ဂလာအဖြာဖြာသို့ ပေးသနားတော်မူပါ။ ကိုယ်တော်ရှင်မြတ်၏ မေတ္တာတော်အားဖြင့် တပည့်တော်တို့အားလုံးအား ကြောက်ရွံ့ခြင်းမှကင်းဝေးလျက် ရဲရင့်သောစိတ်ဓာတ်များကို ပြန်လည်ပြီး ပေးသနားတော်မူပါ။ ပြည်ထောင်စုတိုင်းရင်းသား အားလုံးတို့၏ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီး အေးချမ်းရေးအတွက် မလွဲမသွေ အမြန်ရောက်ရှိအောင် တပည့်တော် သား၊ သမီးတို့အပေါ် စောင့်ရှောက်တော်မူပါ။ ယေရှုခရစ်တော်၏ အမည်နာမ၌ ဆုတောင်းပါ၏။ အာမင်. . .တဲ့။

ကျွန်တော်တို့စိတ်ထဲမှာတော့ ကျွန်တော်တို့ ဘဘကြီးဦးတင်ဦး တစ်ယောက် ပါတီစုံခေတ်မှာ ဘာသာစုံဆုတောင်းရင်းနဲ့ အိုင်ဒီယာအသစ်တွေ လုပ်တော့မယ်ထင်ပြီး နောက်ထပ် အလ္လာအရှင်မြတ်ကို ဆုတောင်းတာ လာဦးမယ်ထင်တယ်လို့ တွေးနေမိချိန်မှာ လူတစ်ယောက်က မကျေမလည်ဖြစ်ပြီး ဘယ်လိုများ ထပေါက်ကွဲသလဲဆိုရင် “ဟာ ဒီအဘိုးကြီးလုပ်ပုံက ဘာသဘောလဲကွ။ ငါတို့ဟိန္ဒူဘာသာ ပါတီဝင်တွေကျတော့ နှစ်ယောက်တစ်ပိုင်းမိုလို့ အရေးမပါတဲ့သဘောဖြစ်နေတယ်။ လုံးဝသဘာဝမကျတဲ့လုပ်ရပ်ပဲ။ မကျေနပ်ဘူး။ အန်တီစုနဲ့ကို တိုင်မယ်” တဲ့။ ကောင်းရော။

မေလ ၁၇ရက်။

“အန်တီစု” နဲ့ ကျွန်တော်တို့အဖွဲ့တွေအားလုံး မြစ်ကြီးနားမြို့က ဒေါ်ငွေကြိုင်ရဲ့အိမ်မှာ နားနားနေနေပါပဲ။

ကျွန်တော်တို့ခရီးစဉ်ရက်ပိုင်းအတွင်း ကချင်ပြည်နယ်ခရီးစဉ်နဲ့ ပတ်သက်လို့ ကြားရသူအပေါင်း အထိတ်တလန့်ဖြစ်အောင် ထုတ်လွှင့်ခဲ့တဲ့ ပြည်ပအသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေကို ကြားမိလိုက်မှာပေါ့။ “အန်တီစု”ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မြစ်ကြီးနားမြို့ကိုအဝင် ကန့်ကွက်ရှုတ်ချ ဆန္ဒပြသူတွေအနေနဲ့ ကချင်ဓားအတိုအရှည်တွေကိုင်ပြီး ခုတ်တော့မယောင်၊ ထစ်တော့မယောင်၊ ပိုင်းတော့မယောင်နဲ့ အကြမ်းဖက်တိုက်ခိုက်မှု အရိပ်လက္ခဏာတွေအဖြစ် ပုံဖော်ထားတဲ့သတင်းတွေကို ပြည်ပအသံလွှင့်ဌာနတွေကနေ ထုတ်လွှင့်လာခဲ့ပါတယ်။

ဒီလိုထုတ်လွှင့်နိုင်အောင်လည်း မြစ်ကြီးနားခရီးစဉ်မှာ ပါလာသူတွေက ရန်ကုန်ကို သတင်းပေးပို့ခဲ့တာကိုး။ အဲဒီ သတင်းပေးပို့ချက်တွေကို ရန်ကုန်မှာရှိနေတဲ့ “အင်န်အယ်လ်ဒီ”ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဘဘဦးလွင်က စိုးရိမ်တကြီးနဲ့ ပြည်ပသတင်းဌာနတွေကို လက်ကားဖြန့်လိုက်ပုံရတယ်။

အဲဒီနောက်ပိုင်း ဓားကိုင်ထားတဲ့လူတွေက ဘယ်နှယောက်လောက်ရှိလဲ၊ အသက်အရွယ်တွေက ဘယ်လောက်တွေလဲ၊ ဘယ်လိုအဝတ်အစားမျိုးတွေ ဝတ်ဆင်ထားသလဲ၊ ဘာညာနဲ့ တိကျတဲ့ သတင်းတစ်ပုဒ်တည်ဆောက်ဖို့ အချက်အလက်တွေ ပြန်မေးလာတယ်ဆိုရင်ပဲ မြစ်ကြီးနားရောက် ကျွန်တော်တို့အဖွဲ့အတွင်းမှာ သူလိုလို၊ ငါလိုလို၊ ဟိုလိုလို၊ ဒီလိုလိုတွေ ဖြစ်ကုန်ရော။

ကျွန်တော်တို့နဲ့အတူ ရန်ကုန်ကပါလာတဲ့ သိန်းစိုးဆိုတဲ့ ကောင်ကပဲ သတင်းအစဖော်သလိုလို၊ ဘဘကြီးဦးတင်ဦးကိုယ်တိုင်ကပဲ မျက်မြင်

ဒေါ်စုကြည်ဦးဆောင်သော “အင်န်အယ်လ်ဒီ” ပါတီဝင်တစ်စု၏ ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ်အတွင်း ၁၅-၅-၂၀၀၃ရက်နေ့က တနိုင်းမြို့နယ် ကောင်းရာရွာသို့အဝင် ၎င်းတို့ယာဉ်တန်းကို ငြိမ်းချမ်းစွာကန့်ကွက်ရှုတ်ချ ဆန္ဒပြနေကြသော ဒေသခံပြည်သူများအား “အင်န်အယ်လ်ဒီ”လူငယ်အဖွဲ့ဝင်တစ်ဦးက ဗီဒီယိုမှတ်တမ်းတင်နေပုံ။

၁၇-၅-၂၀၀၃ရက်နေ့ မြစ်ကြီးနားမြို့ ဝန်းသိုဘုန်းကြီးကျောင်းသို့အရောက် သက်တော်ရှည်ကျောင်းထိုင်ဆရာတော်ဘုရားကြီးကိုယ်တိုင်ထွက်၍ မောင်းထုတ်ခဲ့သော ဒေါ်စုကြည်၏ ဟောပြောပွဲမြင်ကွင်း။

" . . . အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များသည် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်နှင့် အောင်ဆန်းစုကြည်ကို ခွဲခြားမမြင်ဘူးဖြစ်နေ ပါသည်။ ပုဂ္ဂိုလ် ရေး ဆန်လွန်းနေပေသည်။ ယင်းတို့မှာ ကောင်းသော လက္ခဏာမဟုတ်ချေ။ အဘယ်ကြောင့် ဆိုသော် ပုဂ္ဂိုလ်ရေးကျဆုံးသွားလျှင် အဖွဲ့အစည်းပါ ကျဆုံးသွားတတ်သည့်သဘောရှိလေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏နိုင်ငံရေးလှုပ်ရှားမှုများသည် အားရလောက်ဖွယ်မရှိ။ လူထုရှေ့မှာ မရှိသေး။ သာရေး၊ နာရေး၊ ဆွမ်းလောင်းအသင်း၊ ရေကြည်တော်ဝတ်အသင်းထက် မပိုပေ။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ လှုပ်ရှားမှုများသည် လူထုကို ကိုယ်စားမပြုသေးပါ။ လူထုကို ထိရောက်သော နိုင်ငံရေး ဦးဆောင်မှုကို မပေး။ လူထုအား နိုင်ငံရေးအလင်းရောင် ပေးနိုင်ခြင်းမရှိဘဲ ဝရုန်းသုန်းကားနှင့် အချိန်ကုန်နေပေ တော့သည်။"

ကိုယ်တွေ့ဖြစ်သယောင်ယောင်တွေနဲ့ ကျန်တဲ့သူတွေကြားမှာလည်း တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုးကုန်ကြပြီ။

"ဓားကိစ္စ မင်းပဲပြောပြီးတော့"

"ဟာ ငါပြောတာက တစ်မျိုးကွ"

"အခုမှ မုန်လာဥမလုပ်နဲ့"

"ငါတွေ့တယ်ဆိုတာက ကချင်ဓားကိုင်တာကို ပြောတာ မဟုတ်ဘူး။ မိုးကာခြုံထားတဲ့ လူတစ်ယောက် မိုးကာအလွင့်မှာ သူ့ခါးကြားမှာ ဓားလိုလိုဘာလိုလိုတစ်ခု ထိုးထားတာကို တွေ့မိလိုက်တယ်လို့ပဲ ပြောတာ။ မင်း ငါ့ကို တရားခံ လာမရှာနဲ့"

"ဒါဆို ကချင်ဓားတွေ တွေ့တယ်ဆိုတာကရော"

"ငါပြောတာရှင်းရှင်းလေး၊ လမ်းဘေးကလူတွေ ကိုင်ထားတာကို ပြောတာမဟုတ်ဘူး။ လမ်းဘေးကဆိုင်မှာ ချိတ်ထားတဲ့ ဓားတွေကို ပြောတာ"

အဲသလိုမျိုးတွေ ဖြစ်ကုန်ကြပြီ။ ဒါပေမယ့် အဲဒီကချင်ဓားကိစ္စက ဘဘဦးလွင်ကနေတစ်ဆင့် ပြည်ပသတင်းမီဒီယာတွေဆီ ရောက်သွားပြီးနေပြီဖြစ်တဲ့အတွက် သတင်းမှားကြီး။ လက်လွန်၊ ခြေလွန်၊ နှုတ်လွန်ဖြစ်မှုကို ဘရိတ်ဖမ်းလို့ မရတော့ပါဘူး။ အဲဒီအခြေအနေတွေအတွက် ဘယ့်နှယ်လုပ်ကြမတုန်းလို့ ကျွန်တော်တို့အဖွဲ့တွေ ခေါင်းချင်းဆိုင်နေချိန်မှာ "ကဲတော်ကြစမ်း၊ လေထဲကစကား လေထဲမှာပဲ ပျောက်သွားလိမ့်မယ်၊ အရည်မရ အဖတ်မရတွေ ဘာမှငြင်းခုံမနေနဲ့၊ နားငြီးတယ်"ဆိုတဲ့ ဟိန်းဟောက်သံတစ်ခု ပေါ်ထွက်လာပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့"သြော်. . .အခုတော့လည်း ဒီသတင်းကြီးက အရည်မရ အဖတ်မရ ဖြစ်သွားပါပကောလား"လို့။

ကျွန်တော်တို့အဖွဲ့ ညနေငါးနာရီခွဲလောက်မှာ "အန်တီစု"နဲ့အတူ မြစ်ကြီးနားမြို့က ဝန်းသိုဘုန်းကြီးကျောင်းကို သွားရောက်ပြီး သက်တော် (၇၇)နှစ်ရှိပြီဖြစ်တဲ့ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဦးသီလဝံသ (ဆရာတော်ဘုရားကြီး)ကို ဖူးမြော်ကြည်ညိုကြပါတယ်။

ဘုန်းကြီးကျောင်းကနေ ပြန်ထွက်တော့ လမ်းပေါ်မှာဝိုင်းအုံနေတဲ့ ပရိသတ်ကရှိနေပြီ။ မြို့ခံပါတီဝင်တွေကလည်း"အန်တီစု"ဟောဖို့ပြောဖို့ ဇော်ဂျွန်းလမ်းမပေါ်မှာ ခုံခင်းပြီးသား။ အဲဒီခုံတွေက ဘုန်းတော်ကြီးကျောင်းမှာ စာရေးတဲ့ခုံ။ "အန်တီစု"ကတော့ ဘာခုံလဲတွေ၊ ဘာတွေ မေးမနေတော့ဘူး၊ စုံတက်ရပ်ပြီး လက်ကိုင်အသံချဲ့စက်နဲ့ ဟောတော့ ပြောတော့တာပဲ။

ဘုန်းကြီးကျောင်းရှေ့ ဇော်ဂျွန်းလမ်းမ လမ်းလယ်ကောင်မှာ "အန်တီစု"တစ်ယောက် ဟောလို့ပြောလို့ကောင်းတုန်း၊ ဖြုန်းဆို ဆရာတော်ကြီးကြွလာပါလေရော။ "ဟေ့ ဒီမှာ ဘယ်သူတရားဟောခိုင်းလို့လဲ၊ ငါ့ကျောင်းရှေ့မှာ လမ်းတွေပိတ်တာ လက်မခံနိုင်ဘူး"လို့ ဆရာတော်ဘုရားကြီးက မိန့်လိုက်တယ်ဆိုရင်ပဲ ဘဘကြီးဦးတင်ဦးခမျာ မျက်စိပျက်မျက်နှာပျက်နဲ့ ကတုန်ကယင်တွေဖြစ်ပြီး ချက်ချင်းဆိုသလို" လူထုက တောင်းဆိုလို့ပါဘုရား"ဟုဆိုပြီး ဆရာတော်ဘုရားကြီးကို ဦးချတောင်းပန်ပါလေရော။ ဆရာတော်ဘုရားကြီးက "ဒကာကြီး အသက်ဘယ်လောက်ရှိပြီလဲ၊ ခုထိ မိုက်တုန်းပဲလား"ဟု ပြန်မိန့်သံကို ကြားလိုက်ရပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ မိန့်ကြားချက်ကို "အန်တီစု"လည်း ကြားပါတယ်။ ဒါနဲ့ပဲ"အန်တီစု"လည်း အခြေအနေသိပ်မဟန်မှန်း ရိပ်မိပြီး ဟောလက်စ ပြောလက်စ စကားတွေကို ဖျစ်ညှစ်နိဂုံးချုပ်လိုက်လေရဲ့။ ဆရာတော်ကြီးက ထပ်ပြီးမိန့်ကြားပြန်ပြီ။ ဒီတစ်ခါတော့ လေသံက ခပ်မာမာနဲ့။ "လမ်းတွေပိတ်နေပြီ သွားကြတော့"တဲ့။ ခပ်ရှင်းရှင်းပြောရရင်တော့ ကျွန်တော်တို့ "အန်တီစု"နဲ့အဖွဲ့ကို မောင်းထုတ်လိုက်တာပါပဲ။

အဲဒီတုန်းက ကျွန်တော်တို့အဖွဲ့ရဲ့ အလိုက်ကန်းဆိုး မသိမှုတွေကြောင့် ဝန်းသိုဘုန်းကြီးကျောင်းက သက်တော်ရှည် ဆရာတော်ဘုရားကြီး နှလုံးစိတ်ဝမ်း မချမ်းမြေ့ခဲ့ရတာတွေကို ပြန်တွေးမိတိုင်း စိတ်မကောင်းဖြစ်ခဲ့ရတယ်။

ကန့်ကွက်ရှုတ်ချ

၁၈-၅-၂၀၀၃ရက်နေ့ ဝိုင်းမော် ခရီးစဉ်တွင် ဝိုင်းမော်မြို့နယ် နောင်တာလေ ကျေးရွာသို့ အရောက် ဒေါ်စုကြည်တို့ အဖွဲ့ယာဉ်တန်းကို ဒေသခံ အမျိုးသမီးများက တက်ကြွစွာ ကန့်ကွက်ရှုတ်ချ ဆန္ဒပြနေကြစဉ်။

မေလ ၁၈ရက်။

ဝိုင်းမော်မြို့ "အင်န်အယ်လ်ဒီ"ပါတီရုံးဆိုင်းဘုတ်တင်ပွဲအခမ်းအနားလုပ်ဖို့အတွက် "အန်တီစု" ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ ကားရှစ်စီးနဲ့ ဝိုင်းမော်မြို့ကို မနက်ကိုးနာရီလောက်မှာ ထွက်ခဲ့ကြတယ်။ ဝိုင်းမော်မြို့ အဝင် နောင်တာလေးရွာ နတ်စင်နားကိုလည်းရောက်ရော ကျွန်တော်တို့ ယာဉ်တန်းကို ကန့်ကွက်ရှုတ်ချသူ ဒေသခံအင်အား သုံးရာလောက်ကို တွေ့လိုက်ရတယ်။ ပြည်သူ့သဘောထားလေးရပ် ဆိုင်းဘုတ်တွေကလည်းအထင်းသားနဲ့။ ကျွန်တော်တို့အဖွဲ့ ခပ်ကုပ်ကုပ် ခပ်သွက်သွက်နဲ့ အဲဒီလူအုပ်ကို ဖြတ်ကျော်ခဲ့ကြတယ်။

မနက် ဆယ်နာရီ ထိုးလုထိုးခင်မှာ ကျွန်တော်တို့ ယာဉ်တန်း ဆိုင်းဘုတ်တင် အခမ်းအနားလုပ်မယ့် ဝိုင်းမော်မြို့ မြို့မရပ်ကွက်(၁)မှာရှိတဲ့ ဦးထော့ရှယ်ခေါင်လွန်း နေအိမ်ကို ရောက်တယ်။ ပရိသတ်ကတော့ အားရလောက်တဲ့ အနေအထားမရှိဘူး။ ဆက်ရမယ့် ခရီးစဉ်တွေ ရှိနေသေးတာကြောင့် ရောက်ရောက်ချင်းပဲ အခမ်းအနားကို တက်သုတ်ရိုက် ကျင်းပလိုက်တယ်။ ပြီးတော့ ထုံးစံအတိုင်း အန်တီစုက မိုက္ကရိုဖုန်းနဲ့ ဟောတာတွေ ပြောတာတွေလုပ်ပေါ့။

ဝိုင်းမော်မှာ ကိစ္စဝိစ္စတွေပြီးတာနဲ့ မြစ်ကြီးနားကို ပြန်ဝင်ကြတယ်။ တည်းနေကျဒေါ်ငွေကြိုင်အိမ်မှာ ခဏတစ်ဖြုတ်နားပြီး မေခနဲ့ မေလိခ မြစ်ဆုံကို ခရီးဆက်ကြပြန်ရော။

ပေါင်းစည်းညီညွတ်ခြင်းတို့အတွက် အဓိပ္ပာယ်အနှစ်သာရ ပြည့်ဝတဲ့ မြစ်ဆုံရဲ့ သဘာဝအလှတရားတွေကို ငေးကြည့်ရင်း ဘာတွေးမိသလဲ ဆိုရင် လားရာတူရှုချက် တစ်ခုတည်းကို ဦးတည်တဲ့ ပေါင်းစည်းခြင်းမှန်သမျှဟာ အင်အားတစ်ခုကိုဖြစ်စေတာ အမှန်ပါပဲလားဆိုတဲ့ အတွေးလေးတစ်ခုပါ။ မြစ်ဆုံအစမှာ ထုထည်ခိုင်ခိုင်မာမာနဲ့ ရှိနေတဲ့ ကျောက်တုံး မည်းကြီးတွေကို ညီညွတ်တဲ့ ရေအလျဉ်နဲ့ တိုက်စားကျော်ဖြတ်နေတာများ တဝေါဝေါနဲ့။ ကျွန်တော့်တွေးလက်စအတွေးကို ဖြတ်ပြီး "အန်တီစု"ကို လှမ်းကြည့်လိုက်မိတယ်။

"အန်တီစု"တစ်ယောက် မြစ်ဆုံရဲ့ သဘာဝအလှတရားတွေကို ခံစားပြီးတွေးဖို့တောင် အချိန်မရရှာဘူး ထင်ပါရဲ့။ အဲဒီ မြစ်ဆုံရဲ့ သဘာဝအလှတရား အဓိပ္ပာယ်ဖွင့်ဆိုမှုတွေကို ကျောခိုင်းနောက်ခံထားပြီး အလှဓာတ်ပုံတွေ ရိုက်နေလိုက်တာများ တစ်ပုံပြီး တစ်ပုံ။

အဲဒီမြင်ကွင်းကို မြင်ရပြန်တော့ ငါတို့ "အန်တီစု"ပျော်နေပါလား အသိနဲ့အတူ သံဝေဂလည်း ရမိပြန်တယ်၊ ဟုတ်တယ်လေ။ မြန်မာ့မြေပေါ်မှာမွေးခဲ့တဲ့ မြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ အသက် ငါးဆယ်ကျော်အရွယ်ရောက်မှပဲ မြန်မာ့ရေမြေ သဘာဝအလှတရားနဲ့ ယှဉ်တွဲပြီး ဓာတ်ပုံရိုက်ခွင့်ရတာပါလား၊ ဓာတ်ပုံရိုက်ရကောင်းမှန်းသိတာပါလားဆိုတဲ့ သံဝေဂလေးတစ်ခုပါ။

ကျွန်တော်တို့နဲ့အတူပါလာတဲ့ ပါတီဝင်အများစုကို စူးစမ်းကြည့်လိုက်ပြန်တော့လည်း ကိုယ့်စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် နေခွင့်ရတဲ့ အချိန်လေးကို ထိထိမိမိအသုံးချရကောင်းမှန်းမသိ ဖြစ်နေကြလေရဲ့။ "အန်တီစု"ဓာတ်ပုံအရိုက်ခံတာကို ဝိုင်းကြည့်ပြီး ကြဲဖန်ချီးမွမ်းနေကြတယ်။ "အန်တီစု"ကလည်း အဲဒါကို လုံးဝကျေနပ်နေပုံပဲ။

လှုပ်ရှားမှုတွေကို ကြည့်နေရင်း ကြည့်နေရင်း အသိထဲကို ရုတ်တရက် ထိုးဖောက်ဝင်ရောက်လာတာက နိုင်ငံရေးပါတီတွေ ပေါ်ဦးပေါ်ဖျား အချိန် ၁၉၈၉ ခုနှစ် အစောပိုင်းမှာ မိုးသီးဇွန်တို့ရဲ့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက ထုတ်ပြန်လိုက်တဲ့ "အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုနှင့် အောင်ဆန်းစုကြည်အပေါ် သုံးသပ်ချက်" စာတမ်းထဲက စာသားအချို့. . .

"...အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များသည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အောင်ဆန်းစုကြည်ကို ခွဲခြားမမြင်ဘူးဖြစ်နေပါသည်။ ပုဂ္ဂိုလ်ရေးဆန်လွန်းနေပေသည်။ ယင်းတို့မှာ ကောင်းသော လက္ခဏာ မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ပုဂ္ဂိုလ်ရေးကျဆုံးသွားလျှင် အဖွဲ့အစည်းပါ ကျဆုံးသွားတတ်သည့် သဘောရှိလေသည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေး လှုပ်ရှားမှုများသည် အားရလောက်ဖွယ်မရှိ။ လူထုရှေ့မှာမရှိသေး။ သာရေး၊ နာရေး၊ ဆွမ်းလောင်းအသင်း၊ ရေကြည်တော်ဝတ်အသင်း ထက်မပိုပေ။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ လှုပ်ရှားမှုများသည် လူထုကို ကိုယ်စားမပြုသေးပါ။ လူထုကို ထိရောက်သော နိုင်ငံရေးဦးဆောင်မှုကိုမပေး။လူထုအား နိုင်ငံရေး အလင်းရောင်ပေးနိုင်ခြင်းမရှိဘဲ ဝရုန်းသုန်းကားနှင့် အချိန်ကုန်နေပေတော့သည်။"

အဲဒီတုန်းက ပါတီသက်တမ်း အခါမလည် တစ်နှစ်မပြည့်သေးခင် အခြေအနေကို သုံးသပ်ဝေဖန်ထားတဲ့ စာသားဖြစ်ပေမယ့်လည်း ဒီကနေ့ ဒီအချိန်အထိ အကျုံးဝင်နေတာကို ကြည့်လိုက်ရင် ကျွန်တော်တို့ "အင်န်အယ်လ်ဒီ"ပါတီအနေနဲ့ မျိုးစေ့မမှန်လို့ အပင်မသန် ခဲ့တာလို့ပဲ ဆိုရတော့မှာ ဖြစ်ပါတယ်။ အင်. . .ဒီမို၊ ဒီလေ၊ ဒီလူတွေနဲ့ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြမယ် ဆိုရင် ဖြင့် ဆိုရင်ဖြင့် . . .။

(ဆက်လက်ဖော်ပြပါမည်။)

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမဆောင်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

➡ စာမျက်နှာ ၇ မှ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့က လိုအပ်သည်များ မှာကြားပြီး Machine Shop နှင့် Auto-Tech Shop တို့ကို ကြည့်ရှုစစ်ဆေးကြသည်။ ထားဝယ်အစိုးရနည်းပညာကောလိပ်ကို(၂-၁၂-၁၉၉၉)ရက်တွင် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့သည်။

ပညာရေးကောလိပ်

ဆက်လက်၍ ထားဝယ်ပညာရေးကောလိပ်သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ်ကြီး ဒေါ်ထွေးထွေးတင်နှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသူများက ကြိုဆိုကြသည်။

ထို့နောက် ခန်းမဆောင်၌ ခေတ္တကျောင်းအုပ်ကြီး ဒေါ်ထွေးထွေးတင်က ထားဝယ် ပညာရေးကောလိပ်ကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၁၂ရက်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ဆရာ၊ ဆရာမနှင့် ဝန်ထမ်း စုစုပေါင်း ၄၆ဦး ရှိပါကြောင်း၊ ယခုအခါ အမှတ်စဉ်(၇) လုပ်ငန်းခွင်အကြို ဆရာအတတ်သင် သင်တန်း ဖွင့်လှစ်သင်ကြားလျက် ရှိပါကြောင်းနှင့် စာသင်ဆောင်များ အခြေအနေ၊ သင်ကြားမှု အထောက်အကူပြု ပစ္စည်းများ ရရှိထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ထားဝယ်ပညာရေးကောလိပ်အတွက် ပံ့ပိုးဖြည့်ဆည်းပေးမှုများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းသား၊ သင်တန်းသူများအား ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ရှင်သန်ပွားများရေး၊ မိမိ၏ တပည့်များအား ထူးချွန်ထက်မြက်သူများ ဖြစ်အောင် လေ့ကျင့်သင်ကြားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက ပညာထူးချွန်ထက်မြက်ပြီး စိတ်ဓာတ်နှင့်စည်းကမ်း ကောင်းမွန်သည့် နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ပေးကြရန် အားပေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ထားဝယ်ပညာရေးကောလိပ်အတွက် မတည်ပံ့ပိုးငွေများကို ခေတ္တ ကျောင်းအုပ်ကြီး ဒေါ်ထွေးထွေးတင်သို့ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာခန်းမနှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမှတ်စဉ်(၇)လုပ်ငန်းခွင်အကြို ဆရာအတတ်သင် သင်တန်း တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်အားပေးကြသည်။

ကွန်ပျူတာကောလိပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ထားဝယ်အစိုးရ ကွန်ပျူတာကောလိပ်သို့ရောက်ရှိကြပြီး ကွန်ပျူတာခန်းမနှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံကျောင်းအုပ်ဒေါ်မြင့်မြင့်မော်နှင့် ဆရာ၊ ဆရာမများက ရှင်းလင်းပြသကြသည်။ ထားဝယ် ကွန်ပျူတာကောလိပ်ကို (၇-၁-၂၀၀၂)ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ထားဝယ်မြို့ ခုတင်(၂၀၀)ဆံ့ အထူးကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၊ ဒုတိယတိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနီနီအေး၊ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကလေးကုသဆောင်၊ အရိုးကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး လူနာများအား နှုတ်ဆက်အားပေးကြသည်။ ဆက်လက်၍ ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးကြပြီး ဆရာဝန်၊ ဆရာမများအား နှုတ်ဆက်မှာကြားသည်။

ထားဝယ်တက္ကသိုလ်

ဒုတိယ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ထားဝယ်တက္ကသိုလ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေးက ထားဝယ် တက္ကသိုလ်စာသင်ဆောင်များ တည်ဆောက်ပြီးစီးမှု၊ တက္ကသိုလ်ရှိ သင်ကြား/စီမံ ဝန်ထမ်းအင်အား၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှုနှင့် ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် သင်တန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်သန်းက ထားဝယ်တက္ကသိုလ် တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြီးစီးမှု အခြေအနေများ၊ ဆက်လက်တည်ဆောက်သွားမည့်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဆောက်လုပ်ရန် ကျန်ရှိသည့် အဆောက်အအုံများ သတ်မှတ်ရက်အတွင်း ဆောက်လုပ်ပြီးစီးမည့် အခြေအနေများကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က သင်တန်းနှစ်အလိုက် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ညီညီညွတ်ညွတ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ခေါင်းဆောင်သည့် မိမိတို့အဖွဲ့ တနင်္သာရီတိုင်းသို့ လာရောက်သည့် ခရီးစဉ်၏ ရည်ရွယ်ချက်များ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် တက္ကသိုလ် ဆရာ၊ ဆရာမများ၊ဝန်ထမ်းများနှင့်ပြည်သူများ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ပေါ်ထွက်လာအောင်၊ လက်တွေ့နယ်ပယ်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသော ထူးချွန်ထက်မြက်သူများ ဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ထားဝယ်တက္ကသိုလ်ကို (၂၂-၂-၂၀၀၀) ရက်တွင် အဆင့်မြှင့် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်သို့ ရောက်ရှိကြပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တောင်တန်း သာသနာ့ပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၂၀ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Say It In English.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ မြန်မာစာ မြန်မာစကား
- ၅:၄၅ ၈။ သက်တံရောင်သံစဉ်
- ၆:၀၀ ၉။ အတီးပြိုင်ပွဲ
- ၆:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက်သစ်ပင်စိုက်
- ၇:၂၀ ၁၄။ တေးဂီတအစီအစဉ်
- ၇:၃၀ ၁၅။ ဒါးကတံတား(ဧရာဝတီတိုင်း)
- ၇:၄၅ ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း ကြောင်ကလေးကိုချစ်တဲ့ကောင်လေး (အပိုင်း-၁) (မင်းမော်ကွန်း၊နန္ဒာလှိုင်) (ဒါရိုက်တာ-စိုးကျော်ဆန်း)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

* ခြောက်တိုင်းလည်း မကြောက်နဲ့

ထားဝယ်မြို့ မြို့တော်ခန်းမ

ထားဝယ်မြို့ မြို့တော်ခန်းမကို တွေ့ရစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

ကျောင်းတိုက်ပဓာနနာယကအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အရိန္ဒမနှင့် ကျောင်းတိုက်မှ တိုက်အုပ်၊ တိုက်ကြပ်ဆရာတော်များအား ဖူးမြော်ကြည်ညိုကြရာ ပဓာနနာယကဆရာတော်ဘဒ္ဒန္တအရိန္ဒမက ဩဝါဒချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပဓာနနာယက ဆရာတော်နှင့် တိုက်အုပ်၊ တိုက်ကြပ် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

စိုက်ပျိုးရေးလုပ်ငန်းများစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့သည်ဇူလိုင် ၁၅ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်ဖြင့် ထားဝယ်မြို့မှ ရေဖြူမြို့နယ်သို့ သွားရောက်၍ ရေဖြူမြို့နယ် ကန်ဘောက်ဒေသနှင့် ကလိန်အောင်ဒေသရှိ စိုက်ပျိုးရေး လုပ်ငန်းအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်တွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ကလိန်အောင်ဒေသရှိ ဆံတော်ရှင်ဆုတောင်းပြည့် စေတီတော်သို့ရောက်ရှိကြရာ တပ်မတော် အရာရှိများ၊ ရေဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင် ဆုတောင်းပြည့်စေတီတော် အာရုံခံမုခ်ဦးရှိ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ခရီးစဉ်တွင် လိုက်ပါခဲ့ကြသည့် အဖွဲ့ဝင်များ၏ ဆံတော်ရှင်ဆုတောင်းပြည့် စေတီတော်အတွက် အလှူငွေများကို အဖွဲ့ဝင်များကိုယ်စား စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းက စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည်ဆံတော်ရှင်ဆုတောင်းပြည့်စေတီတော်ကို လှည့်လည်ကြည့်ညိုကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ရေဖြူမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေ၊ ကလိန်အောင်ဒေသတာဝန်ခံ ဦးစိုးလွင်နှင့် ကလိန်အောင်ဒေသမှ တာဝန်ရှိသူများအား စေတီတော်၌တွေ့ဆုံရာ ကလိန်အောင်ဒေသ၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စများ၊ ဌာနအလိုက် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ပြီးစီးမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကို ဌာနအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပညာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆောင်ရွက်သင့်သည့်လုပ်ငန်းကိစ္စများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုတို့သည် ဆံတော်ရှင်ဆုတောင်းပြည့်စေတီတော်ညွှန့်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဂါရဝပြုပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းတို့အား တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဆံတော်ရှင် ဆုတောင်းပြည့်စေတီ ပုံတော်ကိုကြည်ညိုနိုင်ရန် ဂါရဝပြုပေးအပ်သည်။

ထို့နောက်အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကလိန်အောင်အခြေခံပညာ အထက်တန်းကျောင်းအတွက် ပံ့ပိုးငွေများကို ကျောင်းအုပ်ဆရာမကြီးသို့ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့သို့ ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်တွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် သံဖြူဇရပ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမဆောင်၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက တနင်္သာရီတိုင်းဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထားဝယ်မြို့မှ တစ်ဆင့် သံဖြူဇရပ်မြို့သို့ ရောက်ရှိလာပုံ၊ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိပုံ၊ သံဖြူဇရပ်မြို့နယ်မှအဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများက မိမိမြို့နယ်၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ်အလုပ်လုပ်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားပြီးတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် သံဖြူဇရပ်မြို့မှထွက်ခွာ၍ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့၏ မြို့ပြဒေသ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် မိုးစပါးစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုကြပြီး ရန်ကုန်မြို့သို့ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်သည် ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် ထားဝယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ တိုင်းပညာရေးမှူးများ၊ ထားဝယ်နှင့် လောင်းလုံးမြို့နယ် ပညာရေးမှူးများ၊ ထားဝယ်မြို့ပေါ်ရှိအခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စများ၊ သင်ကြားရေးနှင့် အုပ်ချုပ်မှုကိစ္စများကို ဆွေးနွေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

*** မြောက်တိုင်းလည်း မမြောက်နဲ့**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဒုတိယသုံးလပတ် အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီသည် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် လိုက်ပါလျက် ဇူလိုင်၁၄ရက် မွန်းလွဲပိုင်းတွင် မန်းရေနံမြေ အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၀၃-၂၀၀၄ခုနှစ် ဒုတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေ့လုပ်ငန်းစဉ်ချမှတ်

အစည်းအဝေးတွင် ပထမသုံးလပတ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေများကို တာဝန်ရှိသူများက တင်ပြရာ ဝန်ကြီးက အလေအလွင့်ထိန်းသိမ်းရန် မှာကြားပြီး ဒုတိယသုံးလပတ်အတွက် ရေနံမြေအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် ဇူလိုင်၁၅ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသော ပြည်တွင်းသုံးစွဲမှု လုံလောက်အောင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် ရေနံမြေအထွေထွေမန်နေဂျာများအား ဝန်ကြီးကပြည်တွင်းသုံးစွဲမှု ဖူလုံစေရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးမြှင့်ရှာဖွေ ထုတ်လုပ်သွားနိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားသွားကြရန်၊ တိုင်းပြည်၏ လိုအပ်ချက်ကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) သို့ ရောက်ရှိပြီး စက်ရုံလည်ပတ်နေမှုအခြေအနေ၊ ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ရေနံဓာတ်ငွေ့ရည်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသော စက်ရုံ၏ Feed Gas Compressor ပြင်ဆင်ရာတွင် သတ်မှတ်ရက်ထက် စောစီးစွာပြီးစီးသည့် ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဝန်ကြီးက ချီးကျူးစကားပြောကြားကာဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ (စလေ)၌ ကျင်းပသော မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် ဒုတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ဓာတ်မြေဩဇာစက်ရုံများ ချောမွေ့စွာလည်ပတ်နိုင်ရေး၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး စက်ရုံအလိုက် ဓာတ်မြေဩဇာ တိုးမြှင့်ထုတ်လုပ်ရမည့်ရည်မှန်းချက်များကို ချမှတ်ပေးသည်။

(သတင်းစဉ်)

ဗိုလ်တထောင်စေတီတော်ရင်ပြင် တရားတော်များ ဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၆

၁၃၆၅ခုနှစ် ဝါဆိုလပြည့်ကျော် ၈ ရက်၊ ဇူလိုင် ၂၁ ရက် တနင်္လာနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပီအိပ်ချ်ဒီ) အရှင်သူမြတ်ကလည်းကောင်း၊ ညနေ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒသီရိ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

အကျဉ်းဦးစီးဌာနမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနမိသားစု၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉နာရီက အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးဘမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ အကျဉ်းဦးစီးဌာနမှ အရာရှိကြီးများ၊ အကျဉ်းဦးစီးဌာနမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ညိုညိုသန်းနှင့် အသင်းဝင်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၅** ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်
  - (က) ပထမနှစ် (ဘောဂဗေဒ)
  - (ခ) ပထမနှစ် (အင်္ဂလိပ်စာ)
- **၅:၃၅** ၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
- **၅:၄၅** ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဖြူရောင်လွင်ပြင် (အပိုင်း-၁၈)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၂၀။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (တတိယဆယ်စုနှစ်) (အပိုင်း-၁)**
  - ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား (အပိုင်း-၃၃)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

ပြည်ထောင်စုဒေသတစ်ခွင် သွေးချင်းတို့အတွက် တည်ဆောက်ရေးလုပ်ငန်းခွင်

ဓာတ်ပုံမှတ်တမ်းတင်

သွင်အေး (ကြေးမုံ)၊ ရေချမ်းမြင့် နှင့် သတင်းစဉ်

မုန်းချောင်းတမံ ပင်မတမံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတော်တစ်ဝန်း ရေလှောင်တမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်ဖွင့်လှစ်ခဲ့ရာ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့မြောက်ဘက်၌ တည်ရှိသော မုန်းချောင်း ရေလှောင်တမံလည်း တစ်ခုအပါအဝင်ဖြစ်သည်။ (အောက်ပုံတွင် အမြင့်ပေ ၂၀၀ ရှိမည့် ပင်မ တမံကြီးကို ယန္တရားကြီးများဖြင့် တည်ဆောက်လျက်ရှိသည်ကို တွေ့နိုင်သည်။)

(ဓာတ်ပုံ-သွင်အေး-ကြေးမုံ)

ရွှေလီ ရေအားလျှပ်စစ် စီမံကိန်း

နယ်စပ်ဒေသ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့မှ ၁၇ မိုင် ကွာဝေးသည့် ရွှေလီ ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ရန် ရွှေလီမြစ်ကမ်းနံဘေး မာန်တက်ကျေးရွာအနီး စီမံကိန်းရုံးကို တွေ့ရစဉ်။ (ရွှေလီ ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက် ပြီးစီးပါက လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင် ပျမ်းမျှကီလိုဝပ်နာရီ သန်းပေါင်း ၃၀၄၂ ထုတ်လုပ်နိုင်မည်ဟု သိရသည်။)

(ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

နယ်စပ်ဒေသ မူဆယ်မြို့ပတ်လမ်း

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို နိုင်ငံတော်က အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့ရာ ဒေသတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးစည်ပင်လာလျက်ရှိသည်။

[အပေါ်ပုံတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မြို့ပတ်လမ်းကို တွေ့နိုင်သည်။]

(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

ယောဒေသပုံညာတောင်ပေါ်မှ ရထားလမ်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းကို ဖောက်လုပ်လျက်ရှိရာ ပုံတွင် ပုံညာတောင်ကို ဖြတ်ကျော်ဖောက်လုပ်ထားသော ရထားလမ်းတစ်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

သွေးချင်းတို့အတွက် ဆိုက်ခေါင်-နမ့်စန် ရထားလမ်းဖောက်လုပ် မြန်မာ့မီးရထားအင်ဂျင်နီယာများနှင့်အတူ တပ်မတော်သားများ ပါဝင်ဆောင်ရွက်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ခရမ်းစိုးမြင့်

ရန်ကုန် ဇူလိုင် ၁၆

ပွန်ချောင်းတံတားသည် ဆိုက်ခေါင်-နမ့်စန်ရထားလမ်း အကြောင်းပေါ်ရှိ နမ့်ပွန်ချောင်းကိုဖြတ်၍ တည်ဆောက်သည့် တံတားဖြစ်သည်။ တံတားတည်နေရာသည် စိန်ကျန့်ရွာအနီး ကီလိုမီတာ (၈၁+၅၈၀) မြေပုံညွှန်းအမှတ် (အက်စ်-၀၈၇၅၈၇)တွင် တည်ရှိသည်။

ထိုတံတားကြီးကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ၂၀၀၁ခုနှစ် ဩဂုတ်လ ၁ရက်နေ့တွင် အသေးစိတ် မြေစမ်းသပ်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပြီး တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ထိုနှစ် စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

တံတားအမျိုးအစား

တံတားအမျိုးအစားမှာ ကမ်းကပ်ခုံနှင့် တိုင်များကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ပြီး တံတား၏ ပေါင်အဖြစ် သံပေါင်များကို အသုံးပြုထားသည်။ တံတားအရှည် စုစုပေါင်း ၇၂၇ ပေ ခုနစ်လက်မရှိပြီး ၂၀၃ ပေ ခုနစ်လက်မ၊ အရှည် သံပေါင်တစ်ခန်း၊ ၆၅ ပေ ခြောက်လက်မ အရှည်သံပေါင် ရှစ်ခန်းနှင့် တံတားအမြင့်ပေမှာ အနိမ့်ဆုံးရေမျက်နှာပြင်မှ ပေ ၁၄၀၊ ရေကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေတက်မှတ်မှ ၁၁၈ ပေ၊ အမြင့်ဆုံးတိုင်၏အရှည်မှာ အုတ်ခုံအပေါ်မျက်နှာပြင်မှ ၁၀၆ ပေ ခြောက်လက်မရှိသည်။

တံတားကြီးတစ်ခုလုံးကို မြန်မာ့မီးရထားအင်ဂျင်နီယာအဖွဲ့က ၂၀၀၃ ခုနှစ် ဧပြီလ ပထမပတ်အတွင်း ရာနှုန်းပြည့် ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ပြီး တံတားကြီးပေါ် သံလမ်းခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြီးစီးသွားပြီဟု သိရှိရသည်။

နှစ်ပိုင်းခွဲဖောက်လုပ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ဆိုက်ခေါင်-နမ့်စန် ရထားလမ်း ၁၀၃မိုင်ကို အပိုင်း နှစ်ပိုင်းခွဲ၍ နမ့်စန်-ပွန်ချောင်းတွင် တစ်ဖွဲ့နှင့် ပွန်ချောင်းမှ ဆိုက်ခေါင်ကိုတစ်ဖွဲ့ ဖောက်လုပ်လျက်ရှိရာ ပွန်ချောင်း တံတားကြီးသည် အဆိုပါရထားလမ်းမှ ရထားတံတားကြီးတစ်ခုဖြစ်သည်။ ယခုအခါ တံတားကြီးပြီးသွားသော်လည်း ရထားလမ်းများကို ဆက်လက်ဖောက်လုပ်လျက်ရှိရာ မြန်မာ့မီးရထားအင်ဂျင်နီယာအဖွဲ့နှင့်အတူ တပ်မတော်သားများ ပါဝင်၍ မြေသားလုပ်ငန်း၊ ကျောက်ဖြည့်လုပ်ငန်း၊ ဇလီဖားခင်းခြင်းလုပ်ငန်းနှင့် သံလမ်းခင်းခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိနေသည်။

ရွှေညောင်-နမ့်စန် ရထားလမ်းကို ၁၉၉၃ ခုနှစ် စတင်ဖောက်လုပ်စဉ်က ညောင်ရွှေမှ မိုးနဲတို့ကိုဖြတ်၍ နမ့်စန်သို့ ဆက်သွယ်ရန်ရည်ရွယ်၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်ရာ နမ့်စန်-ဆိုက်ခေါင် ရထားလမ်းကို မြန်မာ့မီးရထား အင်ဂျင်နီယာ အဖွဲ့က ကောင်းကင်ဓာတ်ပုံများကိုအခြေခံ၍ ခေတ်မီနည်းစနစ်များဖြင့် မြေတိုင်းဦးစီးဌာနက ရွေးချယ်ပေးခဲ့သော လမ်းအကြောင်းအတိုင်း ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ရထားလမ်းအရှည်မှာ ဆိုက်ခေါင်မှ ပွန်ချောင်း ၄၈မိုင်၊ နမ့်စန်မှ ပွန်ချောင်း ၅၅မိုင် ပေါင်း ၁၀၃ မိုင်ဖြစ်သည်။ ရထာလမ်း၏ အများဆုံးခွင့်ပြုဆင်ခြေလျှောမှာ ၁ အချိုး ၈၀ (၁ ဒသမ ၂၅ ရာခိုင်နှုန်း)၊ အများဆုံး ခွင့်ပြုဒီဂရီကွေ့ ၁၁ ဒသမ ၆၅ ဒီဂရီ (စက်ဝိုင်းအချင်းဝက် မီတာ ၁၅၀)၊ တူးမြေကျင်း (၂၇ ဒသမ ၄) သိန်းနှင့် ဖို့မြေကျင်း (၂၆ ဒသမ ၆၀) သိန်း စုစုပေါင်း မြေကြီးလုပ်ငန်းကျင်း ၅၀ ဆောင်ရွက်ရမည်ဖြစ်သည်။

တူးဖြတ်မြေအများဆုံးနေရာမှာ ဆိုက်ခေါင်-ပွန်ချောင်းအပိုင်း မိုင်တိုင် ၃၇ မှ ၃၈ အထိ တစ်မိုင်ခရီးတွင် မြေလုပ်ငန်းပမာဏအဖြစ် တူးမြေကျင်း (၁ ဒသမ ၇) သိန်း၊ ဖို့မြေကျင်း(၁ သမ ၈)သိန်း စုစုပေါင်း ကျင်း(၃ ဒသမ ၅) သိန်းအား ဆောင်ရွက်ခဲ့ရသည်ဟု သိရသည်။

တံတားအစင်း ၂၉၀

ဆိုက်ခေါင်မှ နမ့်စန်ရထားလမ်းပိုင်း ၁၀၃မိုင်တွင် တည်ဆောက်ရမည့် ပွန်ခေါင်းတံတားအပါအဝင် အစင်း ၂၉၀ တည်ဆောက်ရမည်ဖြစ်ရာ မြန်မာ့မီးရထားအင်ဂျင်နီယာအဖွဲ့က ပေ ၁၀၀ အထက် တံတားကြီးများကို တာဝန်ယူ ကိုယ်တိုင်တည်ဆောက်ပြီး တံတားငယ်များကို ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်၊ တောင်ကြီးခရိုင်နှင့် သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ ကြီးကြပ်မှုဖြင့် ကန်ထရိုက်စနစ်ပေးကာ တည်ဆောက်လျက်ရှိနေသည်။

စီမံကိန်းရည်မှန်းချက်မှာ ဆိုင်ခေါင်-နမ့်စန် ရထားလမ်း ၁၀၃မိုင်ကို သတ်မှတ်အရည်အသွေး ပြည့်မီစွာဖြင့် ၂၀၀၄ခုနှစ် မတ်လမတိုင်မီ ဖွင့်လှစ်နိုင်ရေးဖြစ်သည်။ ယခုအခါ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက စီမံကိန်းဆောင်ပုဒ်ဖြစ်သည့် လုပ်ငန်းအရည်အသွေးပြည့်ဝရေး၊ သတ်မှတ်ချိန်ထက်စော၍ ပြီးစီးရေး၊ အလေအလွင့် မရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ မသမာမှုကင်းရှင်းရေး၊ ဝန်ထမ်းကိုယ်စီ မိမိလုပ်ငန်းတာဝန် သိရှိ ကျေပွန်ရေး တို့ဖြင့် ရွှေညောင်-နမ့်စန် ရထားလမ်းစီမံကိန်း ဆိုက်ခေါင်-နမ့်စန်လမ်းပိုင်း ဖောက်လုပ်မှုများကို ရေးသား ဖော်ပြလိုက်ရပါသည်။ ။

(ကြေးမုံ)

နမ့်စန်-ပွန်ချောင်း ရထားလမ်းဖောက်လုပ်မှုစီမံကိန်း၌ တပ်မတော်သားများ ပါဝင်ဆောင်ရွက်လျက်ရှိရာ ဇလီဖားတုံး ခင်းခြင်း လုပ်ငန်းခွင်တစ်နေရာကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-ခရမ်းစိုးမြင့်)

စာအုပ်များ လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်များက စာအုပ်များ လှူဒါန်းပွဲတွင် အလှူရှင်များ၏ စာအုပ်များကို လက်ခံယူစဉ်။ (သတင်းစဉ်)

ပြန်/ဆက်စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်များ၏ စာအုပ်များလှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

လှူဒါန်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးအောင်ကြိုင်က ဆေးပညာမဂ္ဂဇင်း အုပ်ရေ ၁၀၀၀၊ ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့ ရဲအုပ်မောင်သန်းက ကိုယ်တိုင် ရေးသားသည့် ဖိုးသားလေးရဲ့ တေးချိုချိုနှင့်အခြားကဗျာများ စာအုပ်၅၀နှင့် ပန်းပွင့်လေး များ မွေးပါသည် စာအုပ် ၆၀၊ ခေတ္တ ဂျပန်နိုင်ငံ တိုကျိုမြို့ရောက် ဦးကျော်ကျော်မြင့် (ရွှေလင်းယုန် ကုမ္ပဏီ)က စာဆိုတော်များ အတ္ထုပ္ပတ္တိ အုပ် ၁၀၀၊ ဦးတင်ရှိန် (မြို့နယ်ပညာရေးမှူး-ငြိမ်း)က ဘဝတန်ဆာနှင့် ဓမ္မရသစာစုများ ဆောင်းပါး ပေါင်းချုပ်စာအုပ် ၄၀၀၊ ခေတ္တဂျပန်နိုင်ငံ တိုကျိုမြို့ရောက် ဦးမိုးလေး (ရွှေလင်းယုန်ကုမ္ပဏီ)က သံနှင့်သွေး ဝတ္ထုစာအုပ် ၁၀၀၊ ခေတ္တ ဂျပန်နိုင်ငံ တိုကျိုမြို့ရောက် ဦးဇော်မိုးအောင်၊ ဇနီး ဒေါ်ဝေဝေကျော်တို့က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး စာတည်းအဖွဲ့မှ ပြုစုသော နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်းစာအုပ် ၁၀၀၊ ပန်းဘဲတန်းမြို့နယ် ဆင်တောင်ကြီးစာပေမှ ဦးအောင်မြင့်က နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအုပ်ရေ ၅၀၀၊ ရွှေမင်းသား ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမြတ်သူဝင်းက ဗလာစာအုပ်ဒါဇင် ၉၀၊ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်းမှ ဗိုလ်မှူးကြီးခင်မောင်သောင်း(ငြိမ်း) (မိုးမိုးတာရောစန်)က ကိုယ်တိုင်ရေးသားသည့် ရွှေနိုင်ငံ၏ အောင်စစ်သည် စာအုပ် ၆၀၊ ရာပြည့်စာအုပ်တိုက်မှ ဦးစိုးညွန့်- ဒေါ်ခင်အေးမြင့် တို့က ရာပြည့်စာအုပ်တိုက်ထုတ် အမှတ်စဉ် ၁၀၁မှ၂၀၀ထိ စာအုပ် ၁၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် အလှူရှင်များက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက် များကို ရှင်းလင်းပြောကြား၍ ဒုတိယဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ စာအုပ်လှူဒါန်းပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ စာအုပ်အလှူရှင် ၁၀ဦးတို့က သုတစာအုပ်၉၇၀၊ မဂ္ဂဇင်း ၁၅၀၀နှင့် ဗလာစာအုပ်ဒါဇင် ၉၀ စုစုပေါင်းလှူဒါန်းတန်ဖိုးမှာ ငွေ ၁၂၀၄၂၇၅ကျပ်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဒုတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ ရှင်ဒိုသာပါမောက်ဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ခေါင်းဆောင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ ဇနီး ဒေါ်စံယုံ၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ ဇနီး ဒေါ်ခင်ဆွေစိုး၊ ဂုဏ်ထူးဆောင် အဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများ၊ အလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များနှင့် ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ ဖိလစ်ပိုင်သံအမတ်ကြီး Mme. Phoebe A Gomez၊ သံအမတ်ကြီးများ၏ ဇနီးများနှင့် သံတမန်အဖွဲ့ဝင်များ၏ ဇနီးများ၊ အသင်းဝင်များ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယက အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေကအသင်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် အသင်းအနေဖြင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍အမှာစကား ပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်နှင်းညွန့်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် အသင်း အတွင်းရေးမှူး ဒေါ်ခင်နန်းမြင့်က ၂၀၀၂-၂၀၀၃ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို လည်းကောင်း၊ အသင်း ဘဏ္ဍာရေးမှူး ဒေါ်အေးအေးဖြူက ၂၀၀၂-၂၀၀၃ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းအတည်ပြုကြသည်။

ယင်းနောက် ၂၀၀၃-၂၀၀၄ ခုနှစ် အတွက် အသင်း အလုပ်အမှုဆောင် အသစ်များနှင့် အတွင်းစာရင်းစစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း အတွက် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းနာယက အဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အသင်းနာယက အဖွဲ့ဝင် ဒေါ်စံယုံကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ယင်းနောက် မြန်မာ CP Live-stock ကိုယ်စား ထိုင်းနိုင်ငံသံအမတ်ကြီး၏ ဇနီး Mme. Viparanee Maolanon က ငွေကျပ် ၁၀သိန်း၊ ဦးသန်းထွန်းနှင့်ဇနီး အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်တင်မာရီက ငွေကျပ် တစ်သိန်း၊ ဒေါက်တာဒေါ်မြမြဝင်းက ငွေကျပ် တစ်သိန်း၊ မလေးရှားသံရုံးမှ သံမှူး၏ ဇနီး အသင်းအဖွဲ့ဝင် Dr. Musrifah Bte Sapardi က အမေရိကန်ဒေါ်လာ ၁၀၀၊ အဖွဲ့ဝင် ဒေါ်မြသဇင်ညွန့်က ငွေကျပ်တစ်သောင်းနှင့် အမေရိကန်ဒေါ်လာ ၇၅ဒေါ်လာ တန် ဖေဒါရိုးကုလားထိုင်တစ်လုံးတို့ကို လှူဒါန်းကြရာ နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အသင်း အလုပ်အမှုဆောင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။

အစည်းအဝေးအပြီးတွင် အသင်းဝင်များအား နှစ်ပတ်လည် နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေး အသင်း ဒုတိယ အကြိမ် နှစ် ပတ် လည် အထွေထွေအစည်းအဝေးတွင် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယက အဖွဲ့ ခေါင်းဆောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေသို့ ဒေါက်တာဒေါ်မြမြဝင်းက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဇူလိုင် ၆ရက်က လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် ရှင်စောပုလမ်းတွင် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများက စုပေါင်း ဆောင်ရွက်ကြစဉ်။ (က-ပ)

✻ ချော့တိုင်းလည်း မပျော့နဲ့

ကွန်ပျူတာ၊ အင်္ဂလိပ်စာနှင့် သင်္ချာ သင်တန်း

ရန်ကုန် ဇူလိုင် ၁၆

Shalom Computer & Language Centre မှ ပုံမှန် ကွန်ပျူတာ၊ အင်္ဂလိပ်စာနှင့် သင်္ချာ သုံးလသင်တန်းကို ဇူလိုင် ၂၁ ရက်တွင် စတင်ဖွင့်လှစ်မည်။ ကွန်ပျူတာသင်တန်းကို လုပ်ငန်းခွင်တွင် လက်တွေ့ အသုံးချနိုင်ရန်နှင့် အင်္ဂလိပ်စကားပြော သင်တန်းကို (TPR- Total Physical Response) စနစ်ဖြင့် အင်္ဂလိပ်စကားကို အချိန်တိုအတွင်း တတ်မြောက်နိုင်စေရန်နှင့် လက်တွေ့ပြောဆိုနိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ အခြေခံပညာ အထက်တန်းအဆင့် သင်ယူပြီးသူတိုင်း တက်ရောက်နိုင်ပြီး သင်တန်းသား ဦးရေကန့်သတ်ထားသည်။ အမှတ်-၄၆၈၊ဒုတိယထပ်(ညာ)အောက်ကြည့်မြင်တိုင်လမ်း ကြည့်မြင်တိုင်မြို့နယ် ဖုန်း-၂၁၂၂၀၈သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကုမ္ပဏီလမ်းညွှန် ပို့ချမည်

ရန်ကုန် ဇူလိုင် ၁၆

ကုမ္ပဏီလမ်းညွှန်စီးပွားရေးအရ သုံးလသင်တန်းကို ဇူလိုင် ၂၆ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပို့ချမည်ဟုသိရသည်။

အဆိုပါ သင်တန်းတွင် Types of Business Organisation,Business Communication, Import and Export Procedures, Business Management, Marketing management Business Terms နှင့် Briam Tracy's 100 Business Success ဘာသာရပ်များကို ပို့ချပေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ကုမ္ပဏီလမ်းညွှန် အမှတ်-၂၇၆၊ ၃၉လမ်း၊ (အထက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း ၂၄၂၅၈၃သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မကွေးတိုင်း၊ အောင်လံမြို့နေ (ဦးသန်းရွှေ)-ဒေါ်မြင့်မြင့်အေးတို့၏ သား

ဗိုလ်မှူးကျော်ထက် B.A(Geog) Q တ၈(၂၀)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ ခြံအမှတ်(၆၀၁)နေ ဗိုလ်မှူးဖေဝင်း [ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း]- ဒေါ်ထားထားရွှေတို့၏ တစ်ဦးတည်းသောသမီး

မစောမာလာဝင်း B.Sc (Honest) M.Sc.(Maths)(Credit) M Res

တို့၏ ၁၂-၇-၂၀၀၃ ရက်နေ့တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် ဇနီး ဒေါ်မိုးမိုးမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခင်မောင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်၊ နယ်ဘက်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ၁၂-၇-၂၀၀၃ ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားသူကြီး ဦးအောင်သန်း၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဗိုလ်မှူးကြီးကျော်မြ(အကြံပေးပုဂ္ဂိုလ်)၊ ဗိုလ်ကြီးမြင့်ဆွေတို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးသော မနန်းခင်သီတာမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော မစောမြသီတာဝင်း၊ သတို့သားအရံ ဗိုလ်ကြီးတင်ဆွေအောင်၊ ဗိုလ်ကြီးမင်းကျော်သူ၊ သတို့သမီးအရံ မပြည့်ပြည့်ဖြိုး၊မစောဥမ္မာသိန်း၊မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော တူ/တူမငယ် မောင်အောင်ကိုဝင်း၊ မအေးငြိမ်းငြိမ်းသာ၊ ပန်းအလှပြင် နီနီပွင့်၊ မိတ်ကပ်အောင်အောင်(တောင်ကြီး)၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဒေါ်ရီရီသန့်၊ မင်္ဂလာဝတ်စုံအလှဖန်တီးရှင် ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ယုဇနဂါးဒင်းဟိုတယ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ The Aces တေးဂီတနှင့် သီဆိုဖျော်ဖြေပေးသော အဆိုတော်များ၊ ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဆွေမျိုး၊ မိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးကျော်ထက်-မစောမာလာဝင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဇော်ဟိန်းလတ် CDC-39261 ၏ B.S.T(No.4731/01),MEDICAL FIRST AID(No.MFA-0668/02), AFF (No.AFF.5036/01), P.S.C & R.B(No.5354/01)လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ Ph. 09 500 9691။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂-အိုင်၊ မြေကွက်အမှတ် (၄၃၈-အာရ် / ၁-အေ)၊ဂရန်ရှိမြေပိုင်မြေအမျိုးအစားမြေကွက်ဧရိယာ(၀ဒသမ၂၇၇)ဧကရှိသည့် အနက်မှ၊ အဆိုပါမြေကွက်၏ မြောက်ဘက်ခြမ်း၊ မခွဲမစိတ်ရသေးသော(တောင်မြောက်-၉၀'Xအရှေ့အနောက်၆၈') မြေကွက်နှင့်တကွ အကျိုးခံစားခွင့်များကို၊ ကျွန်ုပ်၏ မိတ်ဆွေကလက်ရှိပိုင်ရှင် ဒေါ်ဖြူဖြူအောင်(၁၂/ဗဟန(နိုင်)၀၀၈၃၆၃)ထံမှ ဝယ်ယူရန် စရံငွေပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်သူရှိပါက၊ အထောက်အထားခိုင်လုံစွာဖြင့်(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်သန်း (B.A.(Law);LL.B)
တရားရုံးချုပ်ရှေ့နေ(၃၃၉၁) တိုက်အမှတ်(စီ-၄)အခန်း(၁၀၂)၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၁၀၂၂၉၊ ၀၉-၉၉၂၁၁၄။

ဇူလိုင်၁၅ရက်က မြောက်ဥက္ကလာပ အမက(၃၀) တွင် အလှူရှင်များနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအိတို့က ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဘနိနိဘမ်းဆေးပရုတ်ဆီနှင့်ဘနိနိရှုဆေး – လိမ်းဆေး

တိုက်ကွမ်ဒိုပြိုင်ပွဲ သုံးနှစ်ဆက်တိုက် ဗိုလ်စွဲခဲ့သည့် ကယားပြည်နယ် အမျိုးသမီး တိုက်ကွမ်ဒိုအသင်းအား ဂုဏ်ပြု

လွိုင်ကော် ဇူလိုင် ၇

(၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် အောင်ပွဲခံ၍ တံခွန်စိုက်ဆုရရှိခဲ့သော ကယားပြည်နယ် အမျိုးသမီး တိုက်ကွမ်ဒိုအသင်းနှင့် နှစ်နှစ်ဆက်တိုက် ဒုတိယဆုရရှိခဲ့သော ကယားပြည်နယ် အမျိုးသား တိုက်ကွမ်ဒိုအသင်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၆ ရက်က လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကျင်းပရာ ပြည်နယ် အမျိုးသမီးတိုက်ကွမ်ဒိုအသင်း အုပ်ချုပ်သူနှင့် အသင်းခေါင်းဆောင်တို့က ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသိန်းဆွေထံ သုံးနှစ်ဆက်တိုက် ဗိုလ်စွဲရရှိခဲ့သော တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်သည်။

ဆုချီးမြှင့်

ဆက်လက်၍ ရွှေ၊ ငွေနှင့် ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြသော အားကစားသမားများအား ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(၄၄၆)**

မြို့နယ်သတင်းများ

ကျေးလက်ပြည်သူများအဆင့်မြင့် နေထိုင်ရေးအတွက် တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ခြင်းကို စည်ပင်သာယာရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိရာ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြငြိမ်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့်ဒုတိယ အင်ဂျင်နီယာမှူးကြီးဦးကျော်ဆွေတို့ ဇူလိုင် ၈ ရက်က ကြို့ပင်ကောက်မြို့နယ် ကုန်းမြင့်ကျေးရွာသို့ရောက်ရှိပြီး တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

ကျောင်းကုန်း ဇူလိုင် ၁၂

၂၀၀၂-၂၀၀၃ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အခြေခံပညာမူလတန်း အောင်မြင်ပြီးဆုံးကြောင်း လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဥယျာဉ်ကြီးကျောင်း မဟာဝိသုတာရာမ ကျောင်းတိုက်တွင် ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် အခြေခံပညာမူလတန်း အောင်မြင်ပြီးဆုံးကြောင်း လက်မှတ်ကို မဟာဝိသုတာရာမ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စက ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်သည်။

ဆက်လက်၍ ကျောင်းတက်အမှန်ဆုံးနှင့် ပညာထူးချွန်သော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူး ဦးခင်မောင်ကျော်က ဆုချီးမြှင့်သည်။

သင်ကြား

အဆိုပါကျောင်းမှာ ၁၉၉၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၆၅ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။ **(၃၆၅)**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ခလောက်ချိုက်ကျေးရွာတွင် ဇွန် ၂၈ ရက်က ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစောတင်သိန်းက စိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (မြို့နယ်လဝက)

ဆင်းရွှေလီအထွက်တိုးစပါး စိမ်ချက်ပြည့် စိုက်ပျိုးမည် ပျိုးပေါင်ဖော်လုပ်ငန်း သီပေါတွင် စုပေါင်းဆောင်ရွက်

သီပေါ ဇူလိုင် ၆

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ယခုနှစ်စိုက်ပျိုးရာသီ၌ ဆင်းရွှေလီ အထူးအထွက်တိုးစပါးကို စိမ်ချက်ပြည့်မီစွာ စိုက်ပျိုးရေးအတွက် ပျိုးကြဲရန် ပျိုးပေါင်ဖော်ခြင်းလုပ်ငန်းကို ဇွန် ၂၈ ရက် နံနက် ၇ နာရီက တိန်းချေတိန်းစံကျေးရွာအုပ်စု နောက်ကတ်ကျေးရွာ တောင်သူဦးစိုင်းကျော်ညွန့်၏ လယ်မြေတွင် ကျင်းပသည်။

အခမ်းအနားသို့ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ခရိုင်ရဲမှူး မောင်စိန်၊ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးငွေသိုက်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြင့်အောင်နှင့် ကျေးရွာမန်နေဂျာများ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ငွေနှင့် ကွင်းတာဝန်ခံများ၊ ဌာနဆိုင်ရာများ၊ မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များ၊ တိန်းချေတိန်းစံကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးတက်လူနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူ လယ်သမားများ တက်ရောက်ကြပြီး ပျိုးပေါင်ဖော်ခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။ **(၂၄၇)**

ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၀ ရက် နံနက်က မြို့နယ်ခန်းမ၌ကျင်းပရာ မိသားစုစည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်နန်းမွန်ခမ်းက ပညာသင်စရိတ် ထောက်ပံ့ငွေ ကျပ် ၂၄၀၀၀ ကို ပေးအပ်စဉ်။ (၁၆၆)

ဝါတွင်း မိုးကုတ် တရား စခန်း

တောင်ကြီး ဇူလိုင် ၁၂

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် ကံသစ်ကျောင်း တိုက် အတွင်း၌ ရန်ကုန်မြို့ ဇွဲစုံသာသနာရာမကျောင်းတိုက်မှ သာသနာပြု နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝိစိတ္တသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဝါတွင်းကာလ တရားစခန်းပွဲများအဖြစ် ပထမပတ် ဇူလိုင် ၂၁ရက်မှ ၂၇ရက်ထိ၊ ဒုတိယပတ် ဩဂုတ် ၁၁ရက်မှ ၁၇ရက်ထိ၊ တတိယပတ် စက်တင်ဘာ၉ရက်မှ ၁၅ရက်ထိ၊ စတုတ္ထပတ် အောက်တို ဘာ ၉ရက်မှ ၁၅ရက်ထိ ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းတို့ဖြင့် ကုသိုလ်ပါဝင်လှူဒါန်း လိုသော ကုသိုလ်ရှင်များသည် ကံသစ်ကျောင်းတိုက် ဖုန်း-၀၈-၁၂၄၀၀၄ သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုက်ကြီးမြို့မ ဈေးအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာဝန်ထမ်းများ ဇူလိုင် ၅ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ မြို့နယ်အတွင်းရေးမှူး ဦးထွန်းလှိုင်နှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးခင်ကျော်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှား

လှည်းကူး ဇူလိုင် ၁၃

အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်အဖြစ် ရောဂါကာကွယ်နှိမ်နင်းရေး ဟောပြောပွဲကို လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက်တွင် ဇူလိုင် ၅ ရက်က ကျင်းပရာ လှည်းကူးမြို့နယ် ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာသိန်းဝင်း၊မြို့နယ် ကျန်းမာရေးမှူးအဆင့်(၁)ဦးတင်မြအေးနှင့် ကျန်းမာရေး ကြီးကြပ်(၁) ဦးမျိုးကြည်တို့က ရှင်းလင်း ဟောပြောကြသည်။

ဆက်လက်၍ ပြည်တော်သာရပ်ကွက် မူလတန်း ကျောင်းဝင်းအတွင်း မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ကြက်ခြေနီ၊ အရန်မီးသတ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(၃၄၀)**

နမိုးနီးယားရောဂါ ပညာပေးဟောပြော

ပုလဲ ဇူလိုင် ၉

ပုလဲမြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ကူးစက်မြန်ပြင်းထန်နမိုးနီးယား(အဆုတ်ရောင်) ရောဂါအကြောင်း ပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီတွင် ပုလဲမြို့ အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်သာကြည်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်အေးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကြိုင်က ကူးစက်မြန်ပြင်းထန် နမိုးနီးယား(အဆုတ်ရောင်)ရောဂါအကြောင်း ပညာပေးဟောပြောသည်။ (မြို့နယ်ပြန်/ဆက်)

မင်္ဂလာဆုတောင်း

ဖေဖေ **ဦးသန်းအောင်** [B.A(Economics),C.B.C.A] နှင့် မေမေ **ဒေါ်ခင်မာလာ** [B.A(Geography), C.B.L]တို့၏ ၁၇–၇–၂၀၀၃နေ့တွင် ကျရောက်သော (၁၄)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ထာဝရလက်တွဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–––။

သားလေး– ပြည့်အောင်ကို [ဆဋ္ဌမတန်း(A)]

အောင်ဆန်းသူရိယလှသောင်းကျောင်း၊ မင်္ဂလာဒုံ။

HAPPY WORLD ...

(Final Part I, M.B.B.S)

(Grade 8, Y.I.E.C)

အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အမှတ်(၉) အထက ကျောင်းဝင်းတွင် နေထိုင်သူ ကျွန်ုပ်၏အမှုသည် ဒေါ်ကွန်ဝု(ခ)ဒေါ်မြညွန့် [၁၀/မလမ(နိုင်)၀၂၄၇၇၁] က မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၃၇)တွင်နေထိုင်သူ ဦးမင်းရွှေအား မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ အကွက်အမှတ် (၅၇)၊ ဦးပိုင်အမှတ် ၁၀၅(ဃ)၊ မြေချိန်ဧရိယာ(၀.၀၁၇)ဧကရှိ မြေကွက်နှင့်ပတ်သက်၍ လွှဲအပ်ခဲ့သည့် ၁၀–၂–၂၀၀၃ ရက်စွဲပါ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ မှတ်ပုံတင်အမှတ်(၂၀)ကို ၂၃–၆–၂၀၀၃ နေ့မှစ၍ ပြန်လည် ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးအောင်ခင် (စဉ်–၄၉၉၅) LL'. B

တရားရုံးချုပ်ရှေ့နေ

အမှတ်(၄၃)၊ ကွင်းကျောင်းလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့။

Aug–6 ☎ – 5104951

ဦးတင့်ညွန့်

(BCD)

ထိုက်စန်းရောင်းမည်

ဗိုလ်တထောင်မြို့နယ်၊

ဗိုလ်ချုပ်အောင်ဆန်းလမ်း၊(၅)လွှာ

1325 Sq/ft အဆင့်မြင့်ပြင်ဆင်ပြီး

ရေ/မီး (၂၄)နာရီမှန်သည်။

(၂၀၀၃ – ထိုက်အသစ်)

ဖုန်း–၂၄၉၆၁၃–၂၄၅၇၀၉–၅၅၆၄၅၀

Ruby Car Rental 725317, 650823

Saloon မျိုးစုံ Van, Hilux, Publica ကားမျိုးစုံ

MYANMAR RYOKO

Sales & Marketing Course

- Product
- Customer Service
- Pricing
- Promotion
- Distribution
- Active salesperson
- Buyer's Theory and buying motives

MCC

DUWON Electronic Ballast

(70V) မှ (300V) အထိ

ISO 9002

Assembler Computer Centre

Software Engineering

A+, UserSupporting

Office-series

DTP-series

ICT-series

အမှတ် (၁၉-၂၀)

ရွှေသင်း

☎ ၂၈၀၈၆၂

Yan Aung

ကားမျိုးစုံငှားရမ်းနိုင်ပါသည်။ (၂၄-နာရီ)

မှန်ကန် ခိုင်မာ ယူနီကာလာ

unicolor®

E-mail :unicolor@teltnadi.com.mm

ငှားမည်

သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ သုမင်္ဂလာအိမ်ရာ၊ လုံးချင်းနှစ်ထပ်တိုက်၊ ငှားမည်။

ဆက်သွယ်ရန်ဖုန်း– ၂၅၃၅၉၆၊ ၃၈၁၃၄၂၊ ၀၉ ၉၉ ၂၆၈၁၅။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၇၃၅၈ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာထည့်သည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကညန(မြစ်ကြီးနား)သို့ လာရောက် ဆက်သွယ်ပါရန်။

ကညန(မြစ်ကြီးနား)ကချင်ပြည်နယ်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)၊ အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးကြည်ဝင်းနိုင်	၁၂/မရတ (နိုင်) ၀၀၅၀၁၀	(၁၄၊ ၁၁၇၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပ	မ/ဥက္ကလာပ	၁၄ ရွှေပေါက်ကံ	၁၁၇၉	ဒေါ်ညွန့်သောင်း	ဂရန်သစ်
၂။	ဒေါ်သိန်းတင်	၁၂/ဥကတ (နိုင်) ၀၄၆၀၀၄	(၇၀)၊ သုတ (၂)လမ်း၊ (၄) ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၄	၇၀	ဦးဘိုးစ	ဂရန်သစ်
၃။	ဗိုလ်မှူးစိန်မြင့်	၁၃/တသန (နိုင်) ၀၀၅၆၇၀	ခလရ – ၉၀၊ သံချောင်းမြို့	ရွှေပြည်သာ	၈/၉ တိုးချဲ့	၄၅၆	ဗိုလ်ကြီးစိန်မြင့်	ဂရန်သစ်
၄။	ဒေါ်မြသန်း	၉/မမန (နိုင်) ၀၁၉၀၄၆	(၅၇၀)၊ (၁၅) ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	၁၅	၅၇၀	ဦးသန်းညွှန့်	ဂရန်သစ်
၅။	ဦးသန်းထွန်း	၁၂/မရတ (နိုင်) ၀၃၉၄၆၄	(၃၀၁)၊ မေဟသီလမ်း၊ (ဆ) ရပ်ကွက်၊ မ/ဥက္ကလာပ	မ/ဥက္ကလာပ	ဆ	၃၀၁	ဦးတာလကျော်	အမည်ပြောင်း
၆။	ဦးဘမြင့် + ၁	၁၂/ဥကတ (နိုင်) ၀၈၅၃၆၉	(၄၀၃)၊ (၁၀) လမ်း၊ (၁၀) ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၀	၄၀၃	ဦးမြင့်ဆွေ+ဦးတင်အောင်	ဂရန်သစ်
၇။	ဦးတင်အောင်	၁၂/သဃတ (နိုင်) ၀၂၆၇၆၅	(၃၈)၊ ဇဋိလလမ်း မသွေတုန်းရွှေကြွယ် (က) ရပ်ကွက်၊ တာမွေ	တ/ဥက္ကလာပ	၇	၁၁၃၉	ဦးတိုးအောင်	အမည်ပြောင်း
၈။	ဒေါ်ယမင်းဝင်း	၇/ပခန (နိုင်) ၀၀၁၁၃၂	(၄၄၀)၊ (၃၉–A) ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၉–A	၄၄၀	ဒေါ်ထွေးစိန်	ဂရန်သစ်
၉။	ဒေါ်အေးအေး + ၁	၁၀/မလမ (နိုင်) ၁၅၉၉၉၆၉	၉၆–A၊ ပ–ထပ်၊ ပင်ကြီးကြီးလမ်း၊ စမ်းချောင်း	အင်းစိန်	မင်္ဂလာတောင်ညွန့်	၁၀၆	ဦးစိန်မောင်	အမည်ပြောင်း
၁၀။	ဒေါ်အေးမြင့်	၁၂/မဂတ (နိုင်) ၀၄၇၇၄၆၀	(၂၄)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်	တ/ဥက္ကလာပ	၁၄/၁	၈၉/၂	ဦးမောင်မောင်နိုင်	အမည်ပြောင်း
၁၁။	ဒေါ်လှလှဝင်း	၁၂/တမတ (နိုင်(၀၃၈၀၁၀	(၃၁)၊ ငွေလရောင်လမ်း၊ ဆရာစံတောင်၊ ဗဟန်း	ဗဟန်း	၃၅–စီရီ	၁၅၁၄	ဒေါ်အေးသောက်	အမည်ပြောင်း
၁၂။	ဒေါ်တင်တင်အေး	၁၂/ကမရ (နိုင်) ၀၅၁၃၆၀	(၆၅၃)၊ မြမွှေးလမ်း၊ (၂၉) ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၂၉	၆၅၃	ဦးသန်းမောင်	အမည်ပြောင်း
၁၃။	ဦးဝင်းအောင်	NYHE – ၀၈၀၈၅၈၇	(၃၃)၊ ပန်းဆိုးလမ်းသွယ်၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၃၀ သုဝဏ္ဏ	၃၃	ဗိုလ်မှူးဝင်းအောင်	ဂရန်သစ်
၁၄။	ဦးကြည်အေး	၁၂/ကမတ (နိုင်) ၀၁၁၀၆၄	(၁၃)၊ ထီးတန်း (၂) လမ်း	ကြည့်မြင်တိုင်	၂၅ E	V - ၁၃၄	ဦးကြည်အေး	ဂရန်သက်တမ်းတိုး
၁၅။	ဒေါ်မြင့်	၁၂/ဥကတ (နိုင်) ၁၁၆၀၆၆	(၆၂)၊ တံသာဝတီ (၂)လမ်း၊ (၆)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၆	၂၂၆ (က)	ဒေါ်မြင့်မြင့်စိန်	ဂရန်ခွဲ
၁၆။	ဦးမိုးကျော်	၁၂/ဥကမ (နိုင်) ၀၇၀၆၉၇	၁၁၉ (B)၊ မင်္ဂလာ (၂)လမ်း၊ ကျောက်ရေတွင်း၊ မ/ဥက္ကလာပ	ဒဂုံတောင်	၁၈	၈၅၄	ဦးခင်မောင်	ဂရန်သစ်
၁၇။	ဒေါ်အေးသက်မော်	၁၂/ဥကတ (နိုင်) ၀၇၀၅၅၅	(၁၁)၊ ပုလဲကျွန်းလမ်း၊ (၁၈–က) ရပ်ကွက်၊ ဒဂုံတောင်	ဒဂုံတောင်	၁၈ (က)	၁၂	ဦးလှမြင့်	ဂရန်သစ်
၁၈။	ဒေါ်အက်စတာကျော်မြ +၄	၁၂/ကမတ (နိုင်) ၀၄၄၆၉၉	(၇)၊ ဦးလူနီလမ်း	ကြည့်မြင်တိုင်	၂၇–A	၅A / ၃၂	ဒေါ်မရီစာကျော်မြ + ၅	မြေပုံကူး
၁၉။	ဒေါ်ခင်စိန် + ၁	၁၂/တမန (နိုင်) ၀၂၂၂၇၇	(၁၂)၊ မဆူတုန်းလမ်းကျယ်	တာမွေ	၃ ၆၅	၂	ဦးသောင်းခင်	မြေပုံကူး
၂၀။	ဒေါ်လှရွှေ	၁၂/ဥကတ (နိုင်) ၀၃၈၀၃၄	(၁၀၇)၊ ဇာဂလမ်း၊ (၄)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၄	၁၀၇	ဦးအုန်းရွှေ	မြေပုံကူး
၂၁။	ဦးတင်ဝင်း + ၁	၁၂/တတန (နိုင်) ၀၃၂၁၀၂	(၁၁)၊ ဗိုလ်စောဦးလမ်း	ကြည့်မြင်တိုင်	၂၆ F	V - ၁၈၄	ဒေါ်ရွှေကြည်	မြေပုံကူး

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလုပ်ရုံ/ဂိုဒေါင်ငှားမည်

တောင်ဒဂုံ၊ (၆၄)ရပ်ကွက်၊ စက်မှုဇုန်(၂)၊ ပေ၄၀' X ၅၀'ကျယ် အဆောက်အအုံ (ပါဝါမီတာရှိ) ငှားမည်။

ဖုန်း–၂၈၅၀၈၇၊ ၅၂၇၆၅၄။

အမွေပြတ်စွန့်လွှတ်ခြင်း

ကသာမြို့၊ ရပ်ကွက်(၆)၊ တပ်မတော်လမ်းနေ ဒေါ်ကွမ်းလှ [၅/ကသန (နိုင်) ၀၅၃၇၂၅]၏ သမီးဖြစ်သူ မတင်တင်ခိုင်[၅/ကသန(နိုင်)၀၄၉၃၆၈]သည် မိဘအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကွမ်းလှ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန

ယဉ်ကျေးမှုအနုပညာတက္ကသိုလ် (ရန်ကုန်) နှင့် FOREVER GROUP
တို့ပူးပေါင်းဖွင့်လှစ်သည့်

အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း

DIPLOMA IN COMPUTER ARTS (Dip.CA)
လျှောက်လွှာခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုအနုပညာတက္ကသိုလ်(ရန်ကုန်) နှင့် Forever Group တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် [illegible]
(က) [illegible]
(ခ) [illegible]
(ဂ) [illegible]

၂။ သင်တန်းများ
Specialized in "Video/Audio Production"
Level 1. Graphic Production for Exporting Any Media (၂)လ
Level 2. Video/Audio Production, Motion Graphics & Visual Effects (၄)လ
Level 3. Character Animation & Advanced Media (၄)လ

Specialized in "Multimedia & Infocom Technology"
Level 1. Graphic Production for Exporting Any Media (၂)လ
Level 2. Rich Media Content Creation, Interactive TV & Streaming Video (၄)လ
Level 3. Multimedia & Information Communication Technology (၄)လ

[illegible]

၃။ [illegible]
၄။ [illegible]
၅။ [illegible]
၆။ [illegible]

Forever Group Co., Ltd.
[illegible]

၂၀၀၃-၂၀၀၄ [illegible] **Broadcast Studio** [illegible] **GlobeCaster All In One Studio Solution** [illegible] **Bagan Cybertech ၏ Broadband Internet/Intranet Facilities** [illegible] Web Designer [illegible] Rich Media Content Creator [illegible] Multimedia [illegible] Multimedia Developer [illegible] Information Age [illegible] On Job Training [illegible]

ယဉ်ကျေးမှုအနုပညာတက္ကသိုလ် (ရန်ကုန်)

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒေါ်ရှု့တင်(ခ)ဒေါ်နုနုရီ၏တူ/သား၊
ရန်ကုန်မြို့နေ ဦးကျော်လွင် (Managing Director, Shwe Sin Taung Co.,Ltd.)-ဒေါ်ကြင်ဆွေ(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)
တို့၏သား

မောင်ချိုမျိုးလွင် 2nd Mate, (F.G)
Univan Ship Management Ltd, Hong Kong နှင့်
ရန်ကုန်မြို့နေ ဦးလိုင်းရှင်-ဒေါ်အေးသောင်း
(အောင်သစ္စာအလူမီနီယမ်နှင့် မှန်လုပ်ငန်း)တို့၏သမီး
မသွယ်သွယ်အေး B.Sc (Zoology)
First Year (Diploma in Chinese), (Y.U.F.L)

တို့၏ ၁၂-၇-၂၀၀၃ စနေနေ့တွင် Yuzana Garden Hotel၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးခြင်းနှင့် ၉-၇-၂၀၀၃ ဗုဒ္ဓဟူးနေ့တွင် တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်အေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော Capt: စိန်ဝင်း (Master Mariner) Local Rep: of Roscoe Shipping (JAPAN) Director United Maritime Services Co.,Ltd. နှင့်ဇနီး ဒေါ်စိန်မီအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအောင်ပန်းကြဲပေးသော မမေသီလွင်၊ မင်္ဂလာအောင်စံပယ်ပန်းနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မရင်ရင်သူ၊ မခင်ခင်သူ၊ သတို့သား၊ သတို့သမီးအရံ မောင်ထွန်းသန့်လွင်၊ မမျိုးမြတ်မြတ်စိုးနှင့် သားသား အောင်ဟိန်းထွန်း၊ မီးမီးထက်အိမ်ရည်တို့အားလည်းကောင်း၊ မင်္ဂလာအခါတော် ပေးသီချင်းသီဆိုပေးသော တေးသံရှင်ရတနာဦးနှင့် Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ သတို့သမီးဝတ်စုံနှင့်မိတ်ကပ်ဆံပင်အလှဖန်တီးပေးသော ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ ပန်းအလှပြင် ကိုခင်မောင်ဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ ဗီဒီယို၊ ဓာတ်ပုံရွှန်းနီး၊ ဒါရိုက်တာဓာတ်ပုံဝဏ္ဏရွှန်းနီးနှင့် အဖွဲ့အားလည်းကောင်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်မောင်ချိုမျိုးလွင်-မသွယ်သွယ်အေး။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်)တည်းကုန်း
ဖုန်း - ၆၄၀၇၃၉၊ ၆၄၀၄၄၂

တီအီး ယာဉ်မောင်းနှင်မှုသင်တန်းအမှတ်စဉ်(၇၃) ၈-၈-၂၀၀၃ရက်နေ့တွင်ဖွင့်မည်။

သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများ အထက်ပါကြော်ငြာထည့်သွင်းသည့်နေ့မှစ၍ သင်တန်းကြေးများ ပေးသွင်းနိုင်ပါသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် သတ်မှတ်သင်တန်းသားဦးရေပြည့်မီပါက သီးခြားသင်တန်းစီစဉ်ပေးမည်။ နယ်သင်တန်းသားများအတွက် ဘော်ဒါရှိသည်။

သင်မောင်းလိုင်စင်နှင့် "ခ"လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။ သင်တန်းဆင်းလက်မှတ်ကို အင်္ဂလိပ်ဘာသာဖြင့် ချီးမြှင့်ထုတ်ပေးသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံအမှတ်(၃)တွင် အခြေခံတွင်ခုံသင်တန်းကို ၁-၈-၂၀၀၃နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း အမှတ်စဉ်(၄၀)ကို ၁-၈-၂၀၀၃နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ အခြေခံဒီဇယ်နှင့် ဓာတ်ဆီအင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း အမှတ်စဉ်(၅၄) ကို ၁-၈-၂၀၀၃ နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

စာတွေ့လက်တွေ့ ပီပီပြင်ပြင် ဝါရင့်ပညာရှင်များနှင့် အနီးကပ်ကြီးကြပ် သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ပြည်လမ်း၊ (၈)မိုင်လမ်းဆုံအနီးနှင့် မြိုင်ဟေဝန်ပန်းခြံအနီး၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၆၆၀၈၅၁။

ရန်ကုန်တိုင်းစာရင်းရုံး
ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှဖွင့်လှစ်မည့်
အခြေခံစာရင်းကိုင်သင်တန်းအမှတ်စဉ်(၁၇)တက်ရောက်ရန်
လျှောက်လွှာများခေါ်ယူခြင်း
Basic Accounting Course
[For 2003 October Exam:]

၁။ သင်တန်းဖွင့်မည့်ရက်	-	၂၈-၇-၂၀၀၃
၂။ သင်တန်းဖွင့်မည့်နေရာ	-	ရန်ကုန်တိုင်းစာရင်းရုံးအမှတ် ၂၂/၃၄ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်
၃။ သင်တန်းချိန်	-	တန်းခွဲ(၁)နှင့်(၂)တနင်္လာနေ့မှ သောကြာနေ့ထိ(ရုံးချိန်ပြင်ပ) တန်းခွဲ(၃)နှင့်(၄) စနေ၊ တနင်္ဂနွေ
၄။ သင်တန်းကာလ	-	(၃)လ
၅။ အနိမ့်ဆုံးပညာအရည်အချင်း	-	အခြေခံပညာအထက်တန်း(က)အဆင့်အောင်၊ တက္ကသိုလ်ဝင်တန်းအောင်
၆။ လက်ခံမည့်သင်တန်းသား/သူဦးရေ	-	တန်းခွဲတစ်ခု(၅၇)ဦးစီ
၇။ လျှောက်လွှာစတင်ရောင်းချမည့်ရက်	-	၁-၇-၂၀၀၃
၈။ လျှောက်လွှာတင်ရန်နောက်ဆုံးရက်	-	၂၅-၇-၂၀၀၃
၉။ ဆက်သွယ်စုံစမ်းရန်	-	ရန်ကုန်တိုင်းစာရင်းရုံး၊ စီမံရေးရာဌာန ဖုန်း-၃၇၁၆၉၇၊ ၃၇၁၅၉၄

သိန်းထွန်း
တိုင်းစာရင်းစစ်အရာရှိ
ရန်ကုန်တိုင်းစာရင်းရုံး။

ရာပြည့် စာအုပ်၂၀၀
အထူးလျှော့ ဈေးရောင်းပွဲ
(၂၀၀၃ ဇူလိုင် ၁၄ မှ ၁၈ ထိ)

တစ်ဦးချင်း ၁၅ % လျှော့ဈေး
ကိုယ်စားလှယ်ဆိုင်များ ၂၀ % လျှော့ဈေး

နေရာ- ဓလောကနတ်ပြခန်း၊ ပန်းဆိုးတန်း၊ ရန်ကုန်။

Super Queen ပါတိတ်အားပေးသူများအား မေတ္တာရပ်ခံချက်

ကျွန်တော်များ မင်းဆန်းပါတိတ်မှ ဖြန့်ဖြူးရောင်းချနေသော ပါတိတ်များ ဝယ်ယူအားပေးကြသူများအတွက် တံဆိပ်နှင့်တံဆိပ်အတွင်းပါရှိသော Super Queen စာသားကို ဂရုပြုဝယ်ယူကြပါရန်နှင့် စာသားကို Super Queen တံဆိပ်အမည်၏ ရှေ့မှဖြစ်စေ၊ Super Queen တံဆိပ်အမည်၏ နောက်မှဖြစ်စေ စာလုံးများထည့်သွင်းထားခြင်းမရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူအားပေးကြသူများအား ကျေးဇူးတင်ရှိပါသည်။

မင်းဆန်းပါတိတ်။

မိဘအမည်မှန်

မင်္ဂလာဒုံမြို့နယ် အထက(၄) ဒသမတန်း(B)မှ မောင်ထင်လင်းထက်နှင့် အဋ္ဌမတန်း(A)မှ မောင်လှိုင်သူရှိန်းတို့၏ မိဘအမည်မှန်မှာ ဦးစိုးဝင်း-ဒေါ်အေးအေးသင်း ဖြစ်ပါကြောင်း။



မိုးရာသီအကြိုဈေးရောင်းပွဲတော်

(၁၅.၇.၂၀၀၃ မှ ၃၀.၇.၂၀၀၃)အတွင်း

ယုဇနဆောက်လုပ်ရေးအဖွဲ့၏ဖွင့်ဖြတ်သောဈေးတော်ရာ

(လူတိုင်း၊ လူတိုင်း၊ တိုက်ခန်း ဖြစ်ဖို့ စေနိုင်ရမည်)

* အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ၊ လုံးချင်းအိမ်များ
* လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သုဝဏ္ဏမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင် /မြောက်မြို့နယ်
* တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ HALL TYPE ၊ ROOM TYPE
* လူနေခန်း ပဲ လုပ်လုပ်၊ ရုံးခန်း ပဲ လုပ်လုပ်၊ စီးပွားရေး ပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့်အခန်းများ

ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀%အထိလျှော့၍ ဦးရာလူစနစ် ဖြင့် ရောင်းချပေးပါမည်

တိုက်ခန်းတန်ဖိုး အနည်းဆုံး (၂၂)သိန်းဖြစ်ပါတယ်

အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း

အရောင်းဌာန – ယုဇနစင်တာ (ရုံးချုပ်)တတိယထပ်၊ အမှတ်(၁၃၀)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

ဝင်းဝင်းဝိုင် ရတနာရွှေဆိုင်

အမှတ် (၂၀၅)၊ ဈေးအလယ်လမ်း၊ မအူကုန်းရပ်ကွက်
(ယုဇနပလာဇာရှေ့)

ဖါမတ်ပြီးမှ ရွှေဝယ်ပါ။

* သွဲ့ပဲ့ရည်ပြည့်ကြောင်း အာမခံပါသည်။
* အလျော့တွက် အသက်သာဆုံးဖြစ်စေရမည်။
* အလေးချိန်တိကျမှန်ကန်စေရမည်။ ဝယ်ယူပြီးပစ္စည်းကို သမာဓိရှိရှိစွာဖြင့် ပြန်လည်စစ်ဆေးနိုင်သည်။ အလေးချိန်ကွာခြားမှုရှိခဲ့သော် ကွာခြားသည့်အလေးချိန်အတွက် ကျသင့်ငွေကို ချက်ချင်းပြန်အမ်းပေးမည်။
* ဝယ်ယူပြီးပစ္စည်း ပြန်လွှင်းလျှင် သွင်းသည့်နေ့တွင် ဆိုင်မှရောင်းနေသော ဈေးအတိုင်း ပြန်ဝယ်ပါမည်။ ရွှေဈေးအနိမ့်ခံရမည် မဟုတ်ပါ။

ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များအား
ကျေးဇူးတင်ရှိပါသည်။

ဦးအောင်ဟင်

အရောင်းဆိုင်များအတွက် အထူး

၂၀၀၃-ခု ဇူလိုင်(၁)ရက်မှ ဇူလိုင်(၃၁)ရက်အတွင်း (MGS) အချိုရည်
(Star , Crusher, Quench, Crusher Soda)
(၃) ကတ်ဝယ်ယူသူတိုင်း ဗူးသန့်ရေသောက်ရေသန့်
၁-လီတာ(၁) ဘူး လက်ဆောင်ပေးပါမည်။

1 Litre Free

ဆက်သွယ်ရမည့် ဖုန်းနံပါတ် ➤➤ ၂၂၀၁၁၂၊ ၇၀၆၃၃၄

အမည်ပြောင်းခြင်း

ဦးစန်းလွင်–ဒေါ်အေးအေးမြင့်တို့၏ သား သာကေတ အထက(၂) န၀မတန်း (D)မှ မောင်နေလင်းအောင် အား မောင်လွင်မိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **လွင်မိုးအောင်။**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်၁၀၀၅/ခ၊ ဧရိယာအကျယ်အဝန်း(၁၂၀၀)စတုရန်းပေ (၆၀'X၂၀')ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်၁၀၀၅/ခ (မေတ္တာလမ်း)ဟုခေါ်တွင်သော အိမ်တစ်လုံးတို့သည် ဦးစိန်လွင်အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းဦးစိန်လွင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးငွေအောင် [၁၂/တမန(နိုင်)၀၁၄၀၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေနှင့် အိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါ အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးစိုင်းထွန်းအေး
B.A, M.A(Philo;), H.G.P, R.L
တရားရုံးချုပ်ရှေ့နေ
အမှတ်(၁၀၃)၊ ၉၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၄၂၂၁၂

အမည်ပြောင်းခြင်း

ဦးသိန်းဇော်၏သား အ–ထ–က(၅) မြောက်ဥက္ကလာ $\overline{X}$(F) မှ မောင်ဇော်ဇော်ငြိမ်းအား မောင်ဇော်ဇော်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇော်ဇော်အောင်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သမီးဖြစ်သူ မခင်ချောစု [၁၂/ကတန(နိုင်)၀၉၄၉၉၁]သည် ဖခင်ဖြစ်သူ၏ ဆုံးမစကားကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှချော
[KTN–၀၀၄၀၆၅]။

ကြော်ငြာချက်

မန္တလေးမြို့၊၂၇ x ၇၈လမ်း၊သိင်္ဂီရွှေစင်ကုမ္ပဏီ(ရွှေတူးဖော်ရေးနှင့် ရွှေသန့်စင်ရေးလုပ်ငန်း)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကိုဥက္ကာ [နိုင်ငံသားအမှတ် ၉/မရတ(နိုင်)၁၁၃၁၇၄]ကိုင်ဆောင်သူသည် ဤကုမ္ပဏီတွင် ၁–၇–၂၀၀၃ရက်နေ့မှစတင်၍ တာဝန်ထမ်းဆောင်ခြင်းမရှိဘဲ မိမိ၏သဘောဆန္ဒအလျောက် တာဝန်မှ နုတ်ထွက်သွားပြီဖြစ်ပါသဖြင့် ဤကုမ္ပဏီနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း၊ ကိုဥက္ကာနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

သိင်္ဂီရွှေစင်ကုမ္ပဏီ
ရွှေတူးဖော်ရေးနှင့် ရွှေသန့်စင်ရေးလုပ်ငန်း၊ မန္တလေးမြို့။

ဝမ်းနည်းကြေကွဲခြင်း

ယစ်မျိုးဝန်ထမ်းဟောင်းများနှင့်သားသမီးများ၏ ဗုဒ္ဓဘာသာအသင်းအား စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သော ဦးအုန်းလွင်(ခ)ဦးကျော်အုန်းသည် ၁၃–၇–၂၀၀၃ရက်က ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌကောင်းရာသုဂတိလားပါစေ–––။

အသင်းသူ၊ အသင်းသားများနှင့် အမှုဆောင်အဖွဲ့။

---

(၁)နှစ်ပြည့် လွမ်းဆွတ်ခြင်း

မောင်လွင်မင်းသိန်း

(2nd Year Dip in Mining Y.T.U)
(Final Year Chemistry)

သားလေး လွင်မင်း ပါပါး၊ မေကြီးတို့ရင်ခွင်မှ ခွဲခွာသွားခဲ့သည်မှာ ၁၇–၇–၂၀၀၃နေ့မှာ (၁)နှစ်တိတိပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရနိုင်ပါ။ သားလေးအတွက်ရည်စူးပြီး လှူဒါန်းခဲ့သည့် အလှူဒါနကောင်းမှုအစုစုတို့ကို မြင့်မြတ်တဲ့ဘုံဘဝမှ သာဓုခေါ်ဆိုရန် ဆုတောင်းမေတ္တာပို့သပါသည်။

ချစ်သော ပါပါး၊ မေကြီး
ညီမလေးနှင့်မိသားစု။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၄၁

၁။ ဒေါ်မာလာရီ	**နှင့် ဦးရွှေဝင်း**
၂။ ဒေါ်ခင်ခင်ထွေး	**အမှတ်(၂၅၅)၊ ပထမထပ်၊**
အမှတ်(၄၈၁–ဘီ)၊ နာနတ်တောလမ်း	**မဟာဗန္ဓုလပန်းခြံလမ်း**
(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။	**ကျောက်တံတားမြို့နယ်။**
(တရားလို)	**(တရားပြိုင်)**

အထက်အမည်ပါတရားပြိုင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တရားလိုက "နေအိမ်တိုက်ခန်းလက်ရောက်ပေးအပ်စေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၃ခုနှစ်ဩဂုတ်လ(၁)ရက်(၁၃၆၅ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့) မွန်းမတည့်မီ(၁၀)နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၃ခုနှစ် ဇူလိုင်လ(၇)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး။

အများသိစေရန် ဖြေရှင်းကြေညာချက်

(၁၂–၆–၂၀၀၃)နေ့ထုတ် ကြေးမုံသတင်းစာတွင် ဦးထင်ဇော်[၁၂/တမန(နိုင်)၀၈၉၄၀၈]၏ အများသိစေရန် သတိပေးကြေညာချက်သည် လုံးဝမှန်ကန်မှုမရှိကြောင်း၊ ဦးခင်မောင်ဦး၊ ဦးတင်မောင်မြင့်နှင့်ဦးကျော်လင်း(ခ)ဦးဝေလင်းတို့၏ လွှဲအပ်ချက်အရ အများသိစေရန် ဖြေရှင်းကြေညာအပ်သည်မှာ––

"ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ စီမံခန့်ခွဲကြီးကြပ်မှုဖြင့် အသစ်ပြန်လည်ဆောက်လုပ်ခဲ့သော တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အိမ်အမှတ်–၃၄၄(၃ခန်းတွဲ၊ ၈ထပ်)တိုက်သစ်ကြီးတွင် ၂၁–၈–၉၅ရက်နေ့စွဲဖြင့် အိမ်ရှင်၊ ကန်ထရိုက်တာနှင့် မူလနေထိုင်သူများ သဘောတူချုပ်ဆိုထားခဲ့သည့် အခန်းပေး၊ အခန်းယူသဘောတူ ပဋိညာဉ်စာချုပ်များအရ ဦးခင်မောင်ဦးနှင့်ဦးတင်မောင်မြင့်တို့က အကျိုးခံစားခွင့်ရရှိခဲ့သည့် အိမ်ခန်းဥပစာသစ်များကို မိမိတို့ စိတ်ဆန္ဒများနှင့်အညီ စီမံခန့်ခွဲခွင့်၊ လွှဲပြောင်းခွင့် အပြည့်အဝရှိနေသဖြင့် အိမ်ရှင်ထံမှ ခွင့်ပြုချက်တောင်းခံရန် မလိုအပ်ပါကြောင်းနှင့်၎င်းတို့နည်းတူ မူလနေထိုင်သူ ဦးကျော်လင်း(ခ)ဦးဝေလင်းခံစားရရှိမည့် အိမ်ခန်းဥပစာသစ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ လက်ဝယ်၌ ယခုထိန်းသိမ်းထားရှိနေပါကြောင်း။

မောင်မောင်
တရားရုံးချုပ်ရှေ့နေ
အခန်း(ဘီ–၅)၊ ပထမထပ်၊
အမှတ်(၅၀)၊ ဘဏ်လမ်း၊ ရန်ကုန်မြို့။

အမည်ပြောင်းခြင်း

ဦးဉာဏ်ဝင်း၏သား အ–ထ–က (၁) မရမ်းကုန်း၊ ဒသမတန်း(D)မှ မောင်မင်းရာဇာအား မောင်ကျော်သီဟဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်သီဟ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးပေါ်ထွန်း၏ ပဲ့နင်းလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ အကြောင်းကြားပါ။

ဦးပေါ်ထွန်း(ဖုန်း–၅၆၅၄၈၃)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၇၄၈၇၁ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာထည့်သည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကညန(မြစ်ကြီးနား)သို့လာရောက် ဆက်သွယ်ပါရန်။**ကညန(မြစ်ကြီးနား)ကချင်ပြည်နယ်။**

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၈)၊ (၁၂၃)လမ်းနေ ဒေါ်သီသီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းလှိုင်ဖြူ (Cyril) General Manager, Ben Line Agencies(M) Ltd သည် ၁၅-၇-၂၀၀၃(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါကြောင်း။ **Mr Edwin Tan Simba Logistics**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်သန်း
အသက်(၅၀)
(B.Ed,H.G.P)
အထပြဆရာမ(ငြိမ်း)

ဦးလှိုင်ဝင်း(စာတည်းမှူး၊ မြန်မာ့အလင်းသတင်းစာတိုက်)၏ ချစ်လှစွာသော ဇနီး ဒေါ်မြင့်မြင့်သန်း ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

Pennant ကုမ္ပဏီမိသားစု။

ဦးမောင်ကြင်(၇၈)နှစ်
(မိတ္ထီလာ)

မိတ္ထီလာမြို့နေ (ဦးစံမင်း-ဒေါ်အေးလှ)တို့၏သား၊ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၇၀/ခ) (၉)လမ်း၊ (၃)ရပ်ကွက်နေ ဒေါ်အောင်ကြည်၏ ခင်ပွန်း၊ရန်ကုန်မြို့၊ဒဂုံမြို့နယ်ယောမင်းကြီးလမ်း၊ အမှတ်(၄၉)နေ ဦးမောင်တင်-ဒေါ်ခင်အေးကြည်တို့၏အစ်ကို၊ ဦးသာခ-ဒေါ်မြဟန်၊ ဦးတင်ငွေ-ဒေါ်တင်ကြွယ်၊ဦးမြင့်သန်း-ဒေါ်လှလှဝင်း၊ ဦးကိုကိုလတ်-ဒေါ်ခင်မာရီ၊ ဦးသန်းဝင်း-ဒေါ်ဝင်းပပကြည်၊ ဒေါ်မြင့်မြင့်ချိုတို့၏ ဖခင်၊ မြေး၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၅-၇-၂၀၀၃ရက်တွင် ကွယ်လွန်၍ ၁၇-၇-၂၀၀၃ရက် ညနေ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ၃း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးကျော်သိန်း(ခ)Mရှရိဖ်
အသက်(၆၀)
တပ်မတော်(ရေ၊ ငြိမ်း)၊ (မော်လမြိုင်)

မော်လမြိုင်မြို့၊ မောင်ငံရပ်နေ (ဦးအိစွမ်)-ဒေါ်ဖာဝါဘီတို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၁၂၈)၊ မြေညီထပ်၊ (၄၁)လမ်းနေ ဒေါ်ရွှေမာ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုစံလင်း(GEWIN)-မမိမိသိန်း၊ ကိုမြအေး(သိမ်ကြီးဈေး)-မချယ်ရီသိန်း၊ ကိုဇော်မင်း(ဘော်ဘီ၊ GEWIN)-မကေသီကျော်၊ကိုမြင့်ကျော်ဦး (MEGAP)၊ မသန္တာကျော်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၅-၇-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့အစ္စာရိနာမာဇ်အပြီး ရေဝေးကဘာရိစတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်ငွေး (၅၄)နှစ်
စက်ပြင်အဆင့်(၁)(ငြိမ်း)၊
ခပ(၈)လိုင်း၊ (ဟသ်ာတ)

ဟသ်ာတမြို့နေ (ဦးလှတင်)-ဒေါ်သိန်းလှတို့၏ သား၊ (ဦးမြတ်သာ-ဒေါ်စောရင်)တို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၂)လမ်း၊ အမှတ်(၁၃၂)နေ ဒေါ်တင်ညွန့်၏ ခင်ပွန်း၊ မသဇင်ငွေး(ပဥ္စမနှစ်၊ မြို့ပြ)၊ ဒုတိယဗိုလ်အောင်ကျော်မျိုး၊ မောင်ရဲလင်းအောင်(ဒုတိယနှစ်၊ရူပဗေဒ)တို့၏ဖခင် ဦးတင်ငွေးသည် ၁၄-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၇-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကိုကိုလ(၃၉)နှစ်
(မလိခခန်းမ၊လှိုင်မြို့နယ်)

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊(၁၃)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၂၂၁)၊ နေလဆီစက် (မလိခခန်းမ)နေ ဦးနေလ-ဒေါ်ကျင်ဝင်းတို့၏ သား၊ (ဦးကြည်)-ဒေါ်တင်ရီတို့၏ သားသမက်၊ ဒေါ်ကျင်နွဲ့၊ ဦးဘအောင်-ဒေါ်မြသွင်တို့၏ တူ၊ ဦးရစ်မိုး-ဒေါ်ခင်ပြုံး (သူရိယဆန်စက်၊ ဘိုကလေး)၊ ဦးဆန်နီ-ဒေါ်တင်နွယ်ဝင်း (မြန်မာထွန်းဆန်စက်၊မြင်းကကုန်း)တို့၏ ညီ/မောင်၊ ဒေါ်မြင့်မြင့်ကြည်၏ ခင်ပွန်း၊ မောင်အောင်နိုင်မိုး(သူရိယ)၊မဆုမြတ်ဆန်နီ (VI-F၊ ထ-၂၊စမ်းချောင်း)တို့၏ ဦးလေးသည် ၁၆-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၇-၂၀၀၃(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီ ထွက်မည်။) ကျန်ရစ်သူမိသားစု။

မသက်သက်စံ အသက်(၃၀)
အလယ်တန်းပြ၊
အမက-၁၆၊ မန္တလေး

ဝဏ္ဏကျော်ထင် ဦးချစ်-ဒေါ်ခင်ကြည်၊ ဦးမောင်လေး-ဒေါ်ခင်လေးတို့၏ မြေး၊ ကိုထွန်းရွှေ-မလှမြင့်ဦး၊ ကိုမောင်မောင်-မနီနီအောင်၊ ကိုကျော်ကျော်လွင်-မခင်ခင်ထွေးတို့၏ ညီမ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် "ဝ"/၉ (၁၃၄)နေ (ဦးခင်မောင်မြ)-ဒေါ်ထူးထူး (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)တို့၏ သမီးငယ်သည် ၁၆-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၇-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခတီဇာဘီဘီ(ခ)
ဒေါ်ခင်တီ (၉၄)နှစ်
(ကျောက်ဖြူ၊ ရမ်းဗြဲ)

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ ဈေးလမ်းနေ (ဦးဘေလာတာလီ-ဒေါ်နှင်းမြ)တို့၏ သမီး၊ ဦးစောအောင်(ကုန်သည်)၏ ဇနီး၊ (ဒေါ်တင်ကြည်)-ဦးသန်းစိန်၊ ဦးကျော်ခင်-(ဒေါ်ရွှေမြင့်)၊ ဦးအောင်ခင်-ဒေါ်မေမြင့်ရီတို့၏ မွေးသမိခင်၊ မတင်ကြည်သန်း၊ မခင်စောမြင့်၊ မောင်ကျော်ထင်အောင်၊ မောင်စောမြင့်ထွန်း၊ မစန္ဒာကျော်၊ မသူဇာကျော်၊ မောင်ကျော်ထက်အောင်တို့၏ ချစ်လှစွာသော အဘွား၊ မြစ်လေးယောက်တို့၏အဖီးမ ဒေါ်ခတီဇာဘီဘီသည် ၁၃-၇-၂၀၀၃ရက်တွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ၁၄-၇-၂၀၀၃ရက် ဇဟိုရ်နာမာဇ်အပြီး ကျောက်ဖြူမြို့ ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်သွင်(၅၈)နှစ်
အထက(၃)ပုစွန်တောင်(အငြိမ်းစား)
(အုန်း)

(ဦးဘသွင်-ဒေါ်ကြည်)တို့၏ သမီး၊ (ဦးစိန်ထွန်း-ဒေါ်သိန်းရင်)တို့၏ သမီးချွေးမ၊ (ဦးမြစန်း)၏ဇနီး၊ (ဦးဟန်သိန်း-ဒေါ်ချစ်နု)၊(ဦးထွန်းရှိန်-ဒေါ်သန်းရီ)၊ (ဦးဘရီ)-ဒေါ်ခင်မြင့်၊ဒေါ်တင်ဝင်း၊ဦးခင်ဇော်-ဒေါ်ခင်ဆွေတင့်၊ ဦးအောင် သွင်-ဒေါ်စောကလျာဦးတို့၏ အစ်မ/ညီမ၊ ကိုဝင်းခိုင်-မမြတ်မိုးမိုးမင်း၊ ကိုစိန် လွင်-မစုစုချောတို့၏ မိခင် ဒေါ်မြင့်မြင့်သွင်သည်၇-၇-၂၀၀၃ရက်တွင်နယူးယောက်မြို့၌ ကွယ်လွန်ပါ၍ ၉-၇-၂၀၀၃ရက်တွင် နယူးယောက်မြို့၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသန်းအေး(၅၈)နှစ်
(မဒေးကျေးရွာ)

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၇)၊ အခန်း(၁၂)နေ ဒေါ်လှကြွယ်၏မြေး၊(ဦးအေးဖေ)-ဒေါ်အုန်းမြင့်တို့၏ သား၊ ဦးရွှေထွန်း-ဒေါ်ထားကြည်တို့၏ ညီ/မောင်၊ ဦးခင်ဝင်း-ဒေါ်ငယ်၊ (ဦးချစ်ဆွေ)-ဒေါ်စိန်မြင့်၊ ဒေါ်သန်းငွေး၊ ဦးသန်းလှိုင်-ဒေါ်နုနုကြည်၊ (ဦးမောင်မောင်)-ဒေါ်မြမြအေး၊ ဦးသန်းဇော်-ဒေါ်စန်းစန်းအေးတို့၏ အစ်ကိုကြီး၊ တူ၊တူမ ၁၇ ယောက်တို့၏ ဘကြီးသည် ၁၅-၇-၂၀၀၃ရက်တွင် ကွယ်လွန်၍ ၁၇-၇-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ၁နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချစ်ဆွေ (၄၄)နှစ်
B.Sc (Phy) M.Sc(Q.1)
D.I.Med (တိုင်းရင်းဆေးပညာ)
တဆ/၅၉၇၆
(ကလေးမြို့)

ကလေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ သြဘာလမ်းနေ ဦးဘိုမောင်-ဒေါ်သန်းကြည်တို့၏ သားငယ် ဦးချစ်ဆွေ (တိုင်းရင်းဆေး ပညာဒီပလိုမာ အမှတ်စဉ်-၈)သည် ၁-၇-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂-၇-၂၀၀၃ရက်တွင် ကလေးမြို့ ပြင်သာသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးရဲထွဋ် (၃၉)နှစ်
လ/ထ ကြီးကြပ်ရေးမှူး(ယာ/အုံ)
မြို့တော်စည်ပင်

ရန်ကုန်မြို့၊ ကန်တော်လေး၊ စည်ပင်ဝန်ထမ်းအိမ်ရာ တိုက်(က) အခန်း(၉) ဘဏ္ဍာကုန်း-၃လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးတင်လှိုင်-ဒေါ်ခင်မြင့်)တို့၏သား၊(ဦးသိန်းအောင်)-ဒေါ်တင်လှတို့၏ သားသမက်၊ ဒေါ်သီတာဦး၏ ခင်ပွန်း၊ ဒေါ်သန်းသန်းငွေး၊ ဒေါ်သန်းသန်းအေး၊ဒေါ်လှလှသိန်း(အလက-၁၊ ပန်းဘဲတန်း)၊ ဦးထိန်ဝင်း၊ ဦးသန်းဝင်း-ဒေါ်ငွေးငွေးကြွယ်တို့၏ ညီ/မောင်၊ ဒေါ်မင်းမင်းကြွယ်(ယာ/အုံ ပန်းဘဲတန်း)၊ ဦးတင်ဦး-ဒေါ်ချိုနွယ်ဦး၊ ဦးမျိုးပိုင်(ယာ/အုံ၊လျှပ်စစ်)၊ ဦးတင်အောင်ကို (ဈေးများဌာန)၊ ဒေါ်မာလာဦးတို့၏ အစ်ကို၊ မဝင့်ဝါဝါလှိုင်(အလက-၁၊ ဒဂုံ၊VIB)၊ မောင်ဟိဏ်းသော်ဇင်ဆက်(အမက-၃၊ တောင်ညွန့်)တို့၏ ဖခင်၊ မောင်အောင်ဟိဏ်း၊ မဖြိုးဇင်ဝင်း၊ မောင်သိန်းထူးအောင်၊မမြင့်မြင့်ခိုင်၊ မောင်ကောင်းခန့်ပိုင်တို့၏ဘကြီးသည် ၁၆-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင်ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မေ အသက်(၉၀)
(ရွှေကျင်)

ရွှေကျင်မြို့နေဦးဘသိန်း-ဒေါ်စောညွန့်တို့၏သမီး၊ ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော် အင်ကြင်းလမ်း၊ တိုက်(၂၁)၊ အခန်း(၃၀၃)နေ(ဦးငွေခိုင်)၏ဇနီး၊ဒေါ်ခင်အေးမြင့်(ဆက်သွယ်ရေး)၊ ဗိုလ်မှူးကြီးစောရွှေ(ငြိမ်း)-ဒေါ်ခင်အေးနွဲ့၊ ဒေါ်သန်းသန်းမြင့်(လျှပ်စစ်)၊ ဒေါ်ခင်ဆွေမြင့်၊ ဦးခင်မောင်ဦး၊ ဒေါ်သန်းသန်းအေး (မြန်မာ့အာမခံ)၊ ဦးခင်မောင်တင့်(ဘီအေစီ၊ ငြိမ်း)၊ (ဦးငွေးအောင်) (ဒုမြို့နယ်မှူး၊မြန်မာနိုင်ငံရဲတပ်ဖွဲ့)-ဒေါ်စုစုဝင်းတို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၅-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၇-၇-၂၀၀၃ရက် မွန်းလွဲ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
မစ္စစ်ဂျယ်ဒယ်နီရယ်(ခ)
ဆရာမကြီးဒေါ်ရှန်သာကူမာရီ
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊အမှတ်(၂၀)၊ဗိုလ်တထောင်လမ်းသွယ်(၁) လမ်းနေ (သိက္ခာတော်ရဆရာ ဦးဂျိဒယ်နီရယ်)၏ ဇနီး၊ သိက္ခာရဆရာမဒေါ်ရှည်ဒယ်နီရယ်၊ ဒေါ်ဂျင်နီဒယ်နီရယ်၊ဒေါ်အယ်လနော်(ခ) ဆာဂိုဂျင်နီ၊ ဆရာမဒေါ်အယ်နီ(ခ)ကရူးပါး၊ ဒေါ်မေရီတို့၏ မွေးသမိခင်သည် ၁၆-၇-၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၈-၇-၂၀၀၃(သောကြာနေ့) နံနက်၁၀နာရီတွင် တယ်လဂူမက်သဒစ်အသင်းတော်၊ (၂၃၉) ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(အထက်ပါ နေအိမ်မှကားများ နံနက် ၉း၃၀နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းနု(၆၄)နှစ်
(ဇုတ်သုတ်)

(ဦးတင်)-ဒေါ်သိန်းယဉ်တို့၏ သမီး၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေဝါ(၂)လမ်းနေ (ဦးလှငွေ) ၏ဇနီး၊ (ဦးဝေလင်း)-ဒေါ်မြင့်မြင့်ဦး၊ မမြင့်မြင့်နိုင် (ကျန်းမာရေးဦးစီး)၊ မမြင့်မြင့်ခိုင်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဝေဖြိုးဦး (စီးပွား/စီမံ၊အဝေးသင်တက္ကသိုလ်)၊မထူးထူးဝေ(ဒုနှစ်၊E.C၊နည်းပညာ ကောလိပ်)၊ မခိုင်စုမြတ်(ပ-နှစ်၊I.C၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ မတင့်နိုင်ဝေ၊ မမေသကြၤန်မိုး(အထက-၄၊အင်းစိန်)တို့၏ ချစ်လှစွာသော အဘွားသည် ၁၆-၇-၂၀၀၃ရက်တွင် အာရှတော်ဝင် နှလုံးနှင့်အထွေထွေ ရောဂါအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၈-၇-၂၀၀၃(သောကြာနေ့) မွန်းလွဲ၂နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်အေး (၅၇)နှစ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
တေးသံရှင်ဖျာပုံခင်မောင်အေး
မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်

ဧရာဝတီတိုင်း၊ဖျာပုံမြို့နယ်၊ မော်ဘီကျေးရွာနေ(ဦးထွန်း) - ဒေါ်ခင်သောင်းတို့၏သား၊ (ဦးသိန်းမောင်-ဒေါ်မြကြည်)တို့၏သားသမက်၊ဦးတင်ထွန်း-ဒေါ်ထွေးမြင့်၊ ဒေါ်ခင်မြင့်တို့၏တူ၊ ဦးခင်မောင်-ဒေါ်စန်းရီတို့၏ညီ/မောင်၊ဦးခင်မောင်မြင့်၊ ဦးသန်းလွင်(MEB)-ဒေါ်ညွန့်ညွန့်(မြန်မာ့အာမခံ)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နာနတ်တောဝန်ထမ်းအိမ်ရာ၊တိုက်(၅)၊အခန်း(၂)နေဒေါ်တင်စန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသက်လွင်(မြန်မာ့ရုပ်/သံ)-မစုစုအေး၊ မောင်ဇော်လင်းအေး (MFTB)တို့၏ မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၅-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၀၃ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအောင်လွင်ဦး
အသက်(၃၂)နှစ်
B.A (History)
Mandalay Hill Resort Hotel
(တမူး)

မန္တလေးမြို့၊(၁၉)လမ်း၊အမတော်ဝင်းနေ ဒေါ်သန်းကြည်၏မြေး၊ တမူးမြို့၊ မြို့မရပ်နေ AC အုတ်လုပ်ငန်း ဦးအောင်ချိန်-ဒေါ်မြမြရီတို့၏ သားကြီး၊ မန္တလေးမြို့နေ (ဦးလောစိန်-ဒေါ်တင်မြင့်) တို့၏ သားသမက်၊ အောင်ပန်းမြို့နေ ဦးသိန်းထွန်း-ဒေါ်ပြုံးပြုံးကြည် (ရာဇသစ်ထမင်းဆိုင်)၊ မန္တလေးမြို့နေ ဦးအောင်ဝင်း-ဒေါ်မြင့်မြင့်ငွေး၊ ဦးသိန်းလှိုင်-ဒေါ်အေးအေးသင်း၊ ကိုထွန်းထွန်းလှိုင် (မြစိမ်းရောင်)တို့၏ ညီ၊ တမူးမြို့နေ မောင်အောင်လွင်ထူး၊ မန္တလေးမြို့နေ မောင်တင်ထွန်းလှိုင်၊ ရန်ကုန်မြို့၊ အောင်ဇေယျာအိမ်ရာနေ မခင်ခင်ကြီး၊ မခင်ခင်လေးတို့၏ အစ်ကို၊ မစိန်စိန်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်ပိုင်ဦး၏ မွေးသဖခင်သည် ၁၄-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၇-၇-၂၀၀၃ရက်မွန်းလွဲ၁နာရီတွင် မန္တလေး ပြည်သူ့ဆေးရုံကြီးမှ တောင်မြင့်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်(၈၅)နှစ်
(သရက်)

ရန်ကုန်မြို့၊ အမှတ်(၃၉၈)၊ ဖန်စက်လမ်း၊ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးကာစင်-ဒေါ်အေးခင်)တို့၏ သမီး၊ (ဦးစောလွင်၊ အငြိမ်းစား ဒုရဲမှူးကြီး)၏ ဇနီး၊ ဒေါ်မေဇင်ဝင်း (မြန်မာမေဖလားဝါးဘဏ်၊ ဘုရင့်နောင်)၊ ဦးအောင်သူရဝင်း(လ/ထအင်ဂျင်နီယာ၊ MEPE၊ မသီတာဝင်း(မဟာသိပ္ပံနောက်ဆုံးနှစ်၊ သချာၤ၊ ရန်ကုန်တက္ကသိုလ်)၊ နန္ဒဝင်းလွင်(တ-နှစ်၊ အင်္ဂလိပ်၊ ပုသိမ်)၊ မြတ်ဆုမွန်လွင်(ဒု-နှစ်၊ ပညာရေးကောလိပ်၊ ပုသိမ်)၊ ကျော်စွာဝင်းလွင် (ဒု-နှစ်၊ သမိုင်း၊ ဟသ်ာတ)၊ ဇေယျာမျိုးလွင်(B.Sc-Bot)၊ ဝါဝါနှင်းလွင် (PGDMA-4)၊ ကြည်သာအောင်မြင့် (တ-နှစ်၊ ရုက္ခဗေဒ၊ ဒဂုံ)၊ ရဲထွဋ်အောင် (ဒု-နှစ်၊ အင်္ဂလိပ်၊ အနောက်ပိုင်းတက္ကသိုလ်)၊ တင်မိုးလွင်(PGDA-5)၊ ပြည့်စုံလွင်(ICT-Level-3)၊ သော်တာလွင်(X-Passed)၊ ရဲပိုင်ဖြိုး(VIII-F၊ ထ-၂၊ ဒဂုံ)၊ မောင်ကျော်ရဲလွင်(III-C ထ-၂၊ဒဂုံ)၊ အိမ့်မွန်ဦး (X-A၊ ထ-၄၊ အင်းစိန်)၊ ဖြိုးသီဟဦး(VI-G၊ ထ-၂၊ ဒဂုံ)၊ မြတ်မွန်ဦး(V-D၊ ထ-၂၊ ဒဂုံ)၊ မကေခိုင်သိမ့်(IX-H၊ ထ-၁၊ အင်းစိန်)တို့၏ အဘွားသည် ၁၃-၇-၂၀၀၃ရက်တွင် နေအိမ်၌ကွယ်လွန်ပါ၍ ၁၇-၇-၂၀၀၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စိန်သောင်း
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ အမှတ်(၁၇)၊ ပြည်သာယာလမ်း၊ ဘောက်ထော်နေ (သခင်ကျော်ထွန်း)၏ဇနီး၊ ကိုလွင်မျိုးထွန်း-မခင်နီနီအောင်၊ ကိုသက်ထွန်းဦး-မဆုမြတ်မြတ်သွင်၊ ဒေါက်တာရဲခေါင်ကျော်-ဒေါက်တာမျိုးနန္ဒာ၊ကိုအောင်ကျော်ထွန်းဦး-မသန္တာ၊ မဟန်စုယဉ်၊ မခင်ယမင်းထွန်း၊ ကိုဝဏ္ဏထွန်း၊ မရည်မာမြင့်၊ ကိုရဲဖြိုးထွန်း၊ မအေးမြသူ၊ မယုယမုံကြည်၊မအိမ့်ဆည်းလဲ့ဆွေ တို့၏အဘွား၊ မသုန္ဒရီ၊ မချစ်နှင်းဆီ၊ မမိုးသီတာ၊ မပန်းအိမ်သင်၊ မောင်လင်းထက်လူတို့၏ အဘွားသည် ၁၅-၇-၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၇-၇-၂၀၀၃(ကြာသပတေးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေး၊မြစ်များ။

ဒေါ်ခင်မြင့်(၇၅)နှစ်
(ကျိုက်ထို)

ရန်ကုန်မြို့၊ ဖဆပလရပ်ကွက်၊ တိုက်(၇)၊ အခန်း(၁၆)နေ (ဦးလှမောင်-ဒေါ်သောင်း)တို့၏ သမီး၊ (ဦးဘအေး-ဒေါ်ရင်မေ)၊ ဦးသောင်းတင်-(ဒေါ်တင်ကြည်)တို့၏ ညီမ၊ (ဦးကိုကိုလေး)-ဒေါ်ရွှေတင်၊ (ဦးစိုးမြင့်)-ဒေါ်မြရီတို့၏ အစ်မ၊ ဦးဟန်ကြည်၏ ဇနီး၊ ဦးငွေးဦး-ဒေါ်ရီရီငွေး၊ (ဦးခင်မောင်လွင်)တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၆-၇-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၈-၇-၂၀၀၃(သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
အဗ္ဗဒူလ်ရာဟ်မန်စီလော့ဒ်
အသက်(၆၄)နှစ်

ပြင်ဦးလွင်မြို့နေ(A-ကရီးမ်စီလော့ဒ်-ဒေါ်ရာဟ်မသ်ဘီ)တို့၏သား၊ ရန်ကုန်မြို့ အမှတ်(၆၀)(၁၂၄)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဟလီမာစူးစီးဝါးလား၏ ချစ်လှစွာသောခင်ပွန်း၊ မမြင့်မြင့်ငွေး-ကိုသန်းအောင်၊ မောင်အောင်ကျော်သူ-မသန်းသန်းဦး၊ မောင်မိုးကျော်သူ၊ မော်လဝီဆာဂိုု-မအေးသီတာခိုင်၊မောင်မင်းကျော်သူတို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၂-၇-၂၀၀၃ရက် နံနက်၁၁နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမာဇ်အပြီးတွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်သီဟကျော်(၁၈)နှစ်
ပထမနှစ်၊ ဥပဒေ(UDE)
အထက(၁)အလုံ(ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၄၈)၊ ကွင်းကျောင်းလမ်းနေ ဦးလှမောင်-ဒေါ်အုန်းစိန်၊ (ဦးမောင်ခန့်)-ဒေါ်ရင်မေတို့၏ မြေး၊ ဦးတင်စိုး-ဒေါ်ခင်နွဲ့တို့၏ သားထွေး၊ မောင်လှထွန်းကျော် - မစမ်းသီတာ၊ မောင်အောင်ပြည့်ဖြိုး-မခင်မျိုးလွင်၊ မောင်ဝင်းထွဋ်၊ မသန္တာအောင်တို့၏ ညီ/မောင်၊ မောင်သီဟကျော်သည် ၁၅-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇-၇-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဘသွင် (၈၁)နှစ်
လက်ထောက်ဘဏ္ဍာရေးမှူး(ငြိမ်း)
ယခင် မြန်မာ့လျှပ်စစ်ဓာတ်အား
ကော်ပိုရေးရှင်း
(ရန်ကင်း၊ ပျဉ်းမနား)

ပြင်ဦးလွင်မြို့ (ဦးသန်း၊သစ်တော-ဒေါ်သိန်းခင်)တို့၏ သားကြီး၊ ပျဉ်းမနားမြို့ (ဆရာကြီး ဦးရွှေသွင်-ဒေါ်ချစ်)တို့၏ သားသမက်၊ (ဒေါ်ခင်မြင့်သွင်-C.M.A)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ခင်မာမာ)၊ ဘီတီဘာရားသားဦးဘသိန်း-ဒေါ်တင်တင်ကြည်၊ ဦးမောင်မောင်လတ် (ဒု-တိုင်းဦးစီးဌာနမှူး၊ လဝက-ငြိမ်း)-ဒေါ်တင်တင်ဦး၊ (ဦးစိန်မောင်-ဒေါ်စန်းမြင့်)၊ ဦးစိန်ဝင်းမောင်၊ ဒေါ်တင်တင်ထား (ကုန်သွယ်ရေး-ငြိမ်း)၊ ဦးသိန်းထွန်း-ဒေါ်ရီရီမြင့်တို့၏ ကျေးဇူးရှင်အစ်ကိုကြီး၊ ဦးရေအေး-ဒေါ်နန်းစံနွန်း၊ ဦးအောင်ကျော်စိုး-ဒေါ်သန်းသန်းနွယ်၊ ဦးပီတာဘသိန်း-ဒေါက်တာနန်းလင်း၊ ဒေါ်နှင်းနှင်းအေး၊ ဦးရဲအောင်ကျော်-ဒေါ်ခင်မြတ်မူ၊ ဒေါ်အေးအေးသန့်[AO-MRCS (HQ)] ဦးကျော်ဇင်လတ်၊ ဒေါ်နှင်းနှင်းလတ်၊ ဦးဇော်လင်း-ဒေါ်ငြိမ်းငြိမ်းစိုး၊ ဦးမောင်မောင်မြင့်-ဒေါ်ဖြူဖြူစိန်တို့၏ ဘကြီး၊ မြေး ၁၀ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၆-၇-၂၀၀၃ရက်တွင် အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၈-၇-၂၀၀၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ရန်ကင်း၊ တိုက်(၁၆၅/၆)နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတားဒါယကာကြီး
ဦးစိုးမြင့် (၇၃)နှစ်

ရန်ကုန်မြို့၊ ကျားကွက်သစ်(စံပြ) ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၂၄)နေ ဦးကျော်လှိုင်-ဒေါ်ငွေခင်တို့၏သား၊ ဦးဝင်းကြည်-ဒေါ်ကျင်ရွှေ၊ ဦးချစ်ထွန်း-ဒေါ်မြတင်၊ (ဦးလှမြင့်)-ဒေါ်ခင်သန်း၊ ဦးဟန်မြင့်-ဒေါ်စောကြည်တို့၏အစ်ကို၊ (ဒေါ်ခင်ထွေး)၊ ဒေါ်တင်ပုတို့၏ခင်ပွန်း၊ (ကိုစန်းမြင့်-မကြည်ကြည်ညွန့်)၊ ကိုသန်းအောင်- မမာမာအောင်၊ ကိုဝင်းမောင်-မကေသီဝင်း၊ ကိုသိန်းထိုက်စိုး-မစိုးစိုးဦး၊ ကိုကျော်ခိုင်-မစန္ဒာဝင်း၊ ကိုသက်တင်စိုး-မဖြူဖြူအေးတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၅-၇-၂၀၀၃ရက် နံနက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၇-၇-၂၀၀၃ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ သိမ်ရဟန်းအမကြီး
ဒေါ်တင်ကြည် (၆၃)နှစ်

လက်ပံတန်းမြို့၊ ကံကြီးလမ်းနေ ဦးခင်ထွန်း၏ ဇနီး၊ (ကိုနီအောင်ကျော်)၊ ကိုအာလူး(ခ)ကိုရည်မွန်၊ မဥမ္မာထွန်း၊ ကိုကျော်စွာထွန်း-မနွဲ့နွဲ့ဝင်းတို့၏ မိခင်၊ ဇလွန်မြို့၊ ဆေးရုံလမ်းနေ ဦးကံရှိန်-ဒေါ်တင်အေးတို့၏ ညီမ၊ ဦးတိုးလှိုင်-ဒေါ်ခင်သန်းနွယ်၊ ဦးမျိုးသန့်-ဒေါ်အေးမြင့်ကြည်၊ တိုက်ကြီးမြို့၊ တော်လတီရွာနေ ကိုသက်နိုင်-မမြစန်း၊ မသန်းသန်းငွေး(ထွေ/အုပ်၊ ဇလွန်မြို့)၊ ကိုအောင်တင်ဆန်း-မသက်သက်လွင်၊ မောင်သန်းထွဋ်တို့၏ အဒေါ်၊ မောင်နိုင်ဝင်းတိုး(ထွေ/အုပ်၊ ဇလွန်)၊ မယုယုနှင်း(2nd year Law၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊မအိမြတ်သူဇာ၊ မချစ်ချစ်ဇင်၊ မဝင်းစုမြတ်၊ မရွှန်းပပကျော်၊ မသုန္ဒရီကျော်တို့၏ အဘွားသည် ၁၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် အနောက်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးကျော်မြင့်(၅၄)နှစ်
မြန်မာ့ရေလုပ်ငန်း (အလုံ)(ငြိမ်း)
(စမ်းချောင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၉၃၉)၊ ဘုရင့်နောင်လမ်းမကြီး၊ (၄၃)ရပ်ကွက်နေ (ဦးမောင်တင်-ဒေါ်တင်ရွှေ)တို့၏ သားငယ်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်လမ်းကျယ်နေ (ဦးဆင်ကြီး-ဒေါ်မြညွန့်)တို့၏ သားသမက်၊ ဦးလှအောင်-ဒေါ်သန်းညွန့်၊ ဦးကျော်ရင်-ဒေါ်စန်းရီ၊ (ဦးဝင်းမြင့်-ဒေါ်ခင်ဝင်းမြင့်)၊ဦးစိုးမြင့်-ဒေါ်ခင်မြကြီးတို့၏ ညီ/မောင်၊ ဦးညွန့်ရွှေ-ဒေါ်လှလှခိုင်၊ ဦးလှမြင့်-ဒေါ်စန်းမြင့်၊ (ဦးသန်းအောင်)-ဒေါ်တင်တင်ဝင်း၊ ဦးလှမော်-ဒေါ်စန်းကြိုင်၊ ဦးတင်ထွေးအောင်-ဒေါ်ငယ်ငယ်တို့၏အစ်ကိုကြီး၊ဒေါ်သန်းသန်းစီ၏ ချစ်လှစွာသောခင်ပွန်း၊ မကေသီကျော်(ခ)မချော၊မောင်သူရဇော်-မခင်သီတာမိုး၊ မောင်အောင်ငွေးဦး၊ မဇင်ဇင်မင်း၊ မောင်ဉာဏ်လင်းထက်တို့၏မွေးသဖခင်၊ မဆုလဲ့ဇော်၏ အဘိုးသည်၁၅-၇-၂၀၀၃ ရက်တွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၉-၇-၂၀၀၃(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးအောင်ညွန့်(ငြိမ်း)
(ရွှေဘိုအောင်ညွန့်)
ကြည်း/၅၂၄၀
အသက်(၈၅)နှစ်
မော်ကွန်းဝင်ဒုတိယဆင့်
မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်

တောင်ငူမြို့၊ အုတ်ကျွတ်တန်းနေ (ဦးနီ)၊ (ဦးကျော့-ဒေါ်သင်းနု)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းရပ်နေ (ဦးစိန်-ဒေါ်ခင်ညွန့်(ခ) ဒေါ်ကေသာ) (သန္တိသုခချောင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ (ခ/၃၂)၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်၊ အင်းစိန်မြို့နယ်နေ ဒေါ်နီ၏ ချစ်လှစွာသော ခင်ပွန်း၊ ရဲအုပ်မျိုးညွန့်(မြစ်ကြီးနား၊ မူးယစ်အထူး)-ဒေါ်သန်းသန်းဝင်း၊ ဒေါ်ဝင်းကြည်(အင်/ယာမှူး၊ လျှပ်စစ်၊ မြန်မာ့မီးရထား)၊ ဦးမျိုးအောင်(ရေနံဓာတု)-ဒေါ်မြင့်ကြည်(စက်မှုစားကုန်၊ ဂျုံလုပ်ငန်း)၊ ဗိုလ်ကြီးမြင့်ကြိုင်(ငြိမ်း)-ဗိုလ်ကြီးဒေါ်မြင့်ရီ(တအက-၅၀၀)၊ ဗိုလ်ကြီးအေးကို(ငြိမ်း)(ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်နန်းချစ်နှင်း၊ ဦးအောင်မြင့်စိုး-ဒေါ်ညွန့်နီ၊ ဦးဝင်းမောင်-ဒေါ်နွယ်နီ(အလက-၄၊ မင်္ဂလာဒုံ)တို့၏ မွေးသဖခင်ကျေးဇူးရှင် ဗိုလ်မှူးအောင်ညွန့်(ငြိမ်း)သည် ၁၄-၇-၂၀၀၃ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၇-၂၀၀၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် တပ်မတော်ဆေးရုံကြီးအအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စိန်သောင်း(၇၈)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ အမှတ် (၁၇)၊ ပြည်သာယာလမ်း၊ ဘောက်ထော်နေ (သခင်ကျော်ထွန်း)၏ဇနီး၊ (ဦးဘ ရွှေ-ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးဘိုးစ-ဒေါ်အုန်း)တို့၏ သမီးချွေးမ၊ (ဒေါ်စိန်)၊ (ဦးအောင်စိန်)-ဒေါ်ကြည်ကြည်ဝင်းတို့၏ညီမ၊ ဦးသောင်းထွန်း-ဒေါ်ကြူကြူ၊ ဒေါ်အမာကြည်-ဦးမြင့်သိန်း၊ ဦးစိုးညွန့်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးမြင့်ဆွေ-ဒေါ်မေ၊ ဦးကျော်ထွန်းဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးကျော်ထွန်းလင်း-ဒေါ်ခင်အေးအေး၊ ဒေါက်တာလှလှယဉ် (UHC)-ဦးကြည်တိုး၊ ဦးအောင်မိုးကျော်-ဒေါ်ရီရီဝင်း၊ ဒေါ်စပယ်ထွန်း(အကောက်ခွန်)၊ ဦးတင်ဝင်းဆွေ-ဒေါ်ဇင်မာလွင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး၁၂ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၅-၇-၂၀၀၃ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၇-၇-၂၀၀၃(ကြာသပတေးနေ့)ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းလှိုင်ဖြူ (၅၆)နှစ်
(CYRIL)
GENERAL MANAGER
BEN LINE AGENCIES(M) Ltd.

ရန်ကုန်မြို့၊ ဘောက်ထော်နေ (ဦးကြီးအောင်-ဒေါ်ရီရီအောင်)တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၈)၊ (၁၂၃)လမ်းနေ ဦးကိုကိုကြီး-ဒေါ်နှင်းတို့၏ သားသမက်၊ ဒေါ်သီသီ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုကျော်ဇေယျ(ခေတ္တ-Australia)၊ မယုဇနု-ကိုတိုးတိုးဦး(Singastar Co., Ltd)၊ ကိုထွန်းထွန်းခိုင်(ခေတ္တ-Germany)တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မောင်ဝေယံကိုကို(VI C၊ အထက-၁၊ ဒဂုံ)၏ ဘိုးရှန် ဦးသိန်းလှိုင်ဖြူသည် ၁၅-၇-၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၀၃(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် (၇၉)နှစ်
(တွံတေး၊ ကံဘဲ့)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ်(၆၁)နေ (ဦးသိန်းတင်-ဒေါ်ဖွားစိန်)တို့၏ သမီး၊ (ဦးအုန်းကြိုင်၊ ဌာနခွဲမှူး၊ ငြိမ်း၊ ရန်ကုန်တိုင်း၊ စက်မှုနှင့် ဘွိုင်လာစစ်ဆေးရေး)၏ဇနီး၊ ကိုမျိုးမြင့်အုန်း၊ ကိုအေးကြည်(ခ)ကိုပီတာ-မစန်းစန်းညွန့်အုန်း (ဆိမ်ယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာ ဓလေ့ဌာန)တို့၏ မွေးသမိခင်သည် အကယ်ဒမီအထူးကုဆေးခန်း၌ ၁၅-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၇-၇-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းလှိုင်ဖြူ
(CYRIL)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဘောက်ထော်နေ (ဦးကြီးအောင်-ဒေါ်ရီရီအောင်)တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၈)၊ (၁၂၃) လမ်းနေ ဦးကိုကိုကြီး-ဒေါ်နှင်းတို့၏ သားသမက်၊ ဒေါ်သီသီ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးထွန်းဦး)-ဒေါ်သိန်းလှိုင်၊ ဒေါ်နုနုအေး-ဦးအောင်မင်း၊ ဦးစရွှေအောင်-Ms. Doreen (Australia)တို့၏ညီ/မောင်၊ဒေါ်နွဲ့နွဲ့ရီ၊ ဦးမြင့်သာ-Marika Germany)၊ (မောင်ကျော်ဇံအောင်)တို့၏ အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ ဦးလေး၊ ဘကြီး ဦးသိန်းလှိုင်ဖြူသည် ၁၅-၇-၂၀၀၃ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၀၃(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမတစ်စု။

ဗိုလ်ကြီးရဲထန်(၂၉)နှစ်
ကြည်း/၂၈၀၅၀
တေ၈-၂၃

မော်ဘီမြို့နေ အရာခံဗိုလ်လှသောင်း-ဒေါ်ညွန့်ရီ(သားဖွားဆရာမ)တို့၏ သား၊ ကိုလှမိုး (မြန်မာ-ပေါ်စကိုစတီးကုမ္ပဏီ) -မမြင့်မြင့်ဆွေ တို့၏ညီ/မောင်၊ဗိုလ်ကြီးမိုးဟိန်း(ဘော်လခဲ) ၏အစ်ကို ဗိုလ်ကြီးရဲထန်သည် ၁၅-၇-၂၀၀၃ရက်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာ
ဒေါက်တာဦးမောင်မောင်စို
အသက်(၈၁)နှစ်
(ဗိုလ်မှူး-အငြိမ်းစား)
ကြည်း/၃၃၃၈၊ ဆမ-၁၀၂

ရန်ကုန်မြို့၊အမှတ်(၂)၊ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဘစို-ဒေါ်ရွှေပု)တို့၏ သား၊ (ဒေါ်တင်တင်နု)၏ခင်ပွန်း၊ဒေါ်နုနုစိုဒေါက်တာတင်မောင်စို(Special Skin-YGN)-ဒေါ်ချိုချိုအေး၊ဦးတင်မောင်မြင့်စို၊ ဦးတင်မောင်မြတ်စို(TEPM)-ဒေါ်ဂလိုရီယာတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ခင်ငွေးညွန့်၊ ဦးရဲငွေး၊ဒေါ်ခင်ဆွေသွင်တို့၏ ဘကြီးသည် ၁၆-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၇-၂၀၀၃ သောကြာနေ့နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းညွန့်(၇၃)နှစ်

ဦးစံမြတ်-ဒေါ်စော၊ ဦးဖိုးရှင်း-ဒေါ်သန်းတင်တို့၏ သမီး၊ ဦးသိန်းဖေ-ဒေါ်သန်းတို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊သာခုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊အမှတ်(၄၂)နေ(ဦးချစ်မောင်)၏ဇနီး၊ ဦးကျော်နိုင်(ရှေ့နေ)-ဒေါ်ကြင်နွဲ့(ဆက်သွယ်ရေး)၊ (ဦးမြင့်သန်း)-ဒေါ်လှဝင်း၊ ဒေါ်မူမူမြင့်၊ ဦးတင်စိန်-ဒေါ်သိန်းသိန်းအေး၊ ဦးသန့်ဇင်-ဒေါ်မြင့်မြင့်ငွေး(ခ)ငွေးငွေးတို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၄-၇-၂၀၀၃ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၄-၇-၂၀၀၃ရက်တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ၂၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ အထက်ပါ ကြည့်မြင်တိုင်နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ထားဝယ်အသင်း
ဒေါ်ခင်လှ(၇၃)နှစ်
(ထားဝယ်)

ရန်ကုန်တိုင်း၊ အမှတ်(၃၃၀)၊ ဗိုလ်ဂါမဏိလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ ဦးဘလွန်၏ ချစ်လှစွာသောဇနီး အသင်းဝင်အမှတ် (၁၄၉၆)သည် ၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၇-၂၀၀၃ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း ထားဝယ်အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်ကော်မတီ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အောင်မြေဗောဓိ ဓမ္မရိပ်သာအလိုတော်ပြည့်ကျောင်းတိုက် ဝါတွင်းသုံးလ ဓမ္မာစရိယသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက်ရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ဖွင့်လှစ်သည့် ဝါတွင်းသုံးလ ဓမ္မာစရိယသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ကြည်ညို၍ သင်တန်းသား ရဟန်း၊ သာမဏေ၊ သီလရှင်များအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပြည်တွင်းပြည်ပ သာသနာပြု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့် ဆရာတော်ဘဒ္ဒန္တအရိယဝံသအမှူးပြုသော ဆရာတော် သံဃာတော်များနှင့် သင်တန်းသား ရဟန်းသာမဏေများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် သီလရှင်များ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ⇨



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တာမွေမြို့နယ်ရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ဝါတွင်းသုံးလဓမ္မာစရိယ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဓမ္မာစရိယသင်တန်းသား ရဟန်း သာမဏေများ၊ သီလရှင်များအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာခဲတံများကို ပြည်တွင်းပြည်ပ သာသနာပြု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တအရိယဝံသထံဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် တည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှု လိုအပ် ဒေသအလိုက်၊ ကဏ္ဍအလိုက်လုပ်ငန်းများကို ညှိနှိုင်းပူးပေါင်းမှုရှိရှိ အကောင်အထည်ဖော် ဆန်စပါးကိုလွတ်လပ်စွာရောင်းဝယ်ခွင့်ကျင့်သုံးခဲ့ရာ တောင်သူလယ်သမားများက ကြိုးစားပမ်းစားစိုက်ပျိုးနေ အဖွဲ့အစည်းတစ်ရပ်ရပ်ကအကြောင်းအမျိုးမျိုးပြ၍ ကန့်သတ်ဈေးနှုန်းဖြင့်ဝယ်ယူခြင်း လုံးဝမပြုရန်လို

ရန်ကုန် ဇူလိုင် ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့သည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၁၄ ရက် နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရဟတ်ယာဉ်ဖြင့် တနင်္သာရီတိုင်း ထားဝယ်မြို့သို့ ရောက်ရှိကြရာ ထားဝယ် တပ်နယ်မှ ဗိုလ်မှူးချုပ်ထိန်ဝင်း၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ထို့နောက် ထားဝယ်မြို့ မြို့တော်ခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်နှင့်ထားဝယ်၊ ရေဖြူ၊လောင်းလုံး၊ သရက်ချောင်း မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က ထားဝယ်ခရိုင်၏ စိုက်ပျိုးမြေ ဧရိယာဧကနှင့်မြေယာ အသုံးချနိုင်မှု အခြေအနေ၊ မိုးစပါး စိုက်ပျိုးဧက တိုးချဲ့ခြင်း၊ အထွက်ကောင်းမျိုးများပြောင်းလဲ အသုံးပြုခြင်းများဖြင့် ဒေသဝမ်းစာဆန် ဖူလုံအောင် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း စိုက်ပျိုးနိုင်မှုများ၊ သားငါးကဏ္ဍ တိုးချဲ့ဆောင်ရွက်ချက်များ၊ ဒေသကြက် မွေးမြူမှု၊ သတ္တုတူးဖော် ထုတ်လုပ်မှုနှင့် ပညာရေး၊ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကား ပြောကြားရာ၌ မိမိတို့သည် တနင်္သာရီတိုင်း အတွင်း ကော့သောင်းဒေသ၊ မြိတ်ဒေသများသို့ လှည့်လည်ရောက်ရှိခဲ့ပြီး ထားဝယ်ဒေသသို့ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မိမိတို့ရောက်ရှိခဲ့သည့်ဒေသများ၏ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်နေမှု၊ ဒေသခံပြည်သူများ၏ ကြိုးစားပမ်းစား အလုပ်လုပ်နေမှုတို့ကို တွေ့မြင်ခဲ့ရပြီးဖြစ်၍ တနင်္သာရီတိုင်းသည် ဆက်လက်တိုးတက် ဖွံ့ဖြိုးနေမည့် နယ်မြေအဖြစ်အကဲဖြတ်နိုင်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်ကို တွေ့ရစဉ်။ (သတင်းစဉ်)